# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၈၅)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ၇-၆-၂၀၂၄၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၆

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### တက်ရောက်

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဒေါက်တာအောင်ဇေယျ၊ ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား အစီအစဉ်များကို သုံးသပ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်နှင့် ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆောင်ရွက်ခဲ့မှုများနှင့် ပေါင်းစပ်ပြီး ကျင်းပလျှင် သင့်တော်မည်ဟု အကြံပြုလိုပါကြောင်း၊ အနုပညာရှင်၊ အတတ်ပညာရှင်များလည်း ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်လိုသည်များကို အသေးစိတ် ဆွေးနွေးကြစေလိုပါကြောင်း။

အကြမ်းဖျင်းအားဖြင့် ဖွင့်ပွဲကို ခမ်းခမ်းနားနား ကျင်းပရန် လျာထားပါကြောင်း၊ ပိတ်ပွဲအခမ်းအနားတွင် ဘောလုံးပွဲစဉ်၊ အမျိုးသား အားကစားပွဲတော် ဂုဏ်ပြုတေးသီချင်းများ၊ စုပေါင်းသရုပ်ပြ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များဖြင့် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားအားကစားပွဲတော်သည်အမျိုးသားရေးအတွက် အနှစ်သာရရှိသည့် ပွဲတော်ကြီးတစ်ခု ဖြစ်ပါကြောင်း၊ မျိုးချစ်စိတ်ကို ဖော်ညွှန်းသည့် တစ်နိုင်ငံလုံး ပါဝင်ဆင်နွှဲမည့် ပွဲတော်တစ်ခုဖြစ်ပြီး မြန်မာလူမျိုးဖြစ်ရသည်ကို ဂုဏ်ယူသည့်စိတ်ဖြစ်အောင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကြည့်ရှုခံစားခဲ့ရသည့် စိတ်ခံစားမှုမျိုး ပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ဖွင့်ပွဲတွင်မူတည်

ပွဲတော်တစ်ပွဲ၏ အနှစ်သာရသည် ဖွင့်ပွဲတွင် မူတည်ပါကြောင်း၊ ဖွင့်ပွဲအခမ်းအနားကို ကြည့်ရှုပြီး မျိုးချစ်စိတ်၊ စည်းလုံးမှု၊ နိုင်ငံအတွက် တိုးတက်အောင်ကြိုးစားလိုသည့် အားမာန်များ ရရှိစေမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအားလုံး ပူးပေါင်းပါဝင်သည့် ပွဲတော်ဖြစ်သည့်အတွက် အဓိပ္ပာယ်လေးနက်ပါကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ပိုမိုကောင်းမွန်သော အကြံပြုချက်များကို ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံ့ဂုဏ်ဆောင်ပွဲတစ်ခုတွင် အဓိကကျသည်မှာ ဖွင့်ပွဲနှင့်ပိတ်ပွဲဖြစ်ပြီး ဖွင့်ပွဲအခမ်းအနား အစီအစဉ် (မူကြမ်း)ကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲတွင် နိုင်ငံတော်အလံကို Free Fall လေထီးဖြင့် ကွင်းအတွင်းသို့ သယ်ဆောင် လွှင့်တင်မည်ဖြစ်ပြီး အဖွင့်သီချင်းကို အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက သီဆို ကပြဖျော်ဖြေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ဖွင့်ပွဲကို အစီအစဉ် ၁၇ ခုဖြင့် ကျင်းပရန်လျာထားပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပွဲတော်များကို မှီငြမ်း၍ ဖွင့်ပွဲနှင့် ပိတ်ပွဲအစီအစဉ်များကို လျာထားခြင်းဖြစ်ပြီး လိုအပ်သလို ဝိုင်းဝန်းဖြည့်စွက် အကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က နိုင်ငံတော်အဆင့်ပွဲတော်ဖြစ်သည့်အတွက် ထူးထူးခြားခြား ဖြစ်စေလိုပါကြောင်း၊ ပွဲတော်၏ ဖွင့်ပွဲနှင့် ပိတ်ပွဲတွင် ဆောင်ရွက်မည့် Performance၊ ဖျော်ဖြေတင်ဆက်မှုများကို နိုင်ငံတကာအဆင့်မီ ဖြစ်စေလိုပါကြောင်း၊ မိမိတက်ရောက်ခဲ့သည့်ပွဲတော်များ၏ Performance များ၊ Stage အပြင်အဆင်များ၊ မီးအလင်းအမှောင် ဒီဇိုင်းများကို တင်ပြသွားမည် ဖြစ်ပါကြောင်း၊ မြန်မာ့ဂုဏ်ဆောင် အားကစားပွဲတော်ကြီးအဖြစ် ရသပေါ်လွင်အောင် ကျင်းပသွားမည်ဖြစ်ပြီး အကြံပြု ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲ၊ ပိတ်ပွဲ အစီအစဉ်များရေးဆွဲရာတွင် အဓိက အခြေခံရမည့်အချက်၊ အစီအစဉ် လျာထားချက်များ၊ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် သရုပ်ပြသီဆို ဖျော်ဖြေတင်ဆက်မည့် တေးသီချင်း၊ တေးသရုပ်ဖော်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့်တက်ရောက်လာသူများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/စလ**

၂၀၂၄ ခုနှစ်၊ ဇွန် ၇ ရက် ၊ သောကြာနေ့ ။

မန္တလေး နေ့စဉ်

# သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးကို သိရှိနားလည်ပါ

သီးပင်၊ စားပင်၊ ပန်းပင်၊ သစ်ပင်စိုက်ပျိုးခြင်း၊ တံတားခင်းခြင်း၊ ရေအိုးစင်၊ ရေတွင်း၊ ရေကန်တည်ဆောက်ခြင်းတို့သည် ထာဝရ ကုသိုလ်ဖြစ်သည်ဟု တရားတော်တွင် ဖော်ပြထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစတင်ပြီး နှစ်စဉ်သစ်ပင်စိုက်ပွဲများ ကျင်းပလာခဲ့သည်မှာ ယခုအခါနေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ ၈ ကြိမ်၊ ပျိုးပင်ပေါင်း ၁၂၄၅၅ပင်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက သစ်ပင် စိုက်ပျိုးပွဲ ၈ ကြိမ် ပျိုးပင်ပေါင်း ၃၀၁၅၄ ပင်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သည်။ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးကို သိရှိနားလည်ပြီး ပြည်သူများအားလုံး ပူးပေါင်းပါဝင်စေရန်ရည်ရွယ်ပြီး သစ်ပင် စိုက်ပျိုးပွဲများစဉ်ဆက်မပြတ်ကျင်းပလျက်ရှိသည်။

ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် တစ်နိုင်ငံလုံးသစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်သည်။ ထို့ပြင် ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာ အသီးသီးတွင်လည်း ဒေသအလိုက် သင့်တော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးရန်၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရန်၊ ဒီရေတောအပင်များ စိုက်ပျိုးတည်ထောင်ရန်စသည့် သစ်ပင် သစ်တော စိုက်ပျိုးထိန်းသိမ်းရေး၊ အာဆီယံလမ်းမကြီးများ ဘေးဝဲ၊ ယာ၊ အမြန်လမ်းမကြီးဘေးဝဲ၊ ယာနှင့် ရထားလမ်းများ ဘေးဝဲ၊ ယာ များတွင် လည်းသစ်ပင်များစဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ်၊ ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အစီရင်ခံစာအရ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုသည် ကမ္ဘာ့မြေမျက်နှာပြင်၏ သုံးပုံတစ်ပုံဖြစ်သည့် ဧက ၁၀ ဒသမ ၀၃ ဘီလီယံနီးပါးရှိကြောင်း၊ သို့သော် ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၉ ဒသမ ၂၇ သန်း၊ ၂၀၀၀ မှ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၂ ဒသမ ၈၅သန်းနှင့် ၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၁ ဒသမ ၆၁ သန်း လျော့နည်း ကျဆင်းသွားသည်ကို လေ့လာသိရှိရသည်။

အာဆီယံဒေသ၏ သစ်တောဖုံးလွှမ်းမှု ပမာဏအနေဖြင့် ဧက ၅၂၈ ဒသမ ၇၉ သန်းကျော်ရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ် အထိ နှစ်ပေါင်း ၃၀အတွင်း စုစုပေါင်းသစ်တောများ၏ ခြောက်ပုံ တစ်ပုံခန့် ဧက ၉၂ ဒသမ ၉၁ သန်း ပြုန်းတီးလျော့နည်းခဲ့သည်ကို လေ့လာသိရှိရသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည် သစ်တောဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်။

ယခုအခါ ၂၀၂၅ ခုနှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာထုတ်ပြန်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာတွင် ပဏာမလေ့လာဆန်းစစ်မှုများအရ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်သည့် ဒီရေတောဧရိယာသည် ၂၀၂၀ ပြည့်နှစ်မှာ ဧက ၁ ဒသမ ၀၇ သန်း၊ နိုင်ငံဧရိယာ၏ ၀ ဒသမ ၆၄ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါတွင် ဧက ၁ဒသမ ၁၃သန်း နိုင်ငံဧရိယာ၏ ၀ ဒသမ ၆၇ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းနှင့် မပျက်စီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခြင်း၏ အကျိုးရလဒ်များပင်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၃ နှစ်ကျော်ကာလအတွင်း ကြိုးပြင်ကာကွယ်တော ၄၁ခု၊ ဧရိယာဧက ငါးသိန်းခြောက်သောင်းကျော် (၅၆၀၇၉၇ ဒသမ ၅၇ ဧက)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၄ ခု၊ ဧရိယာဧက ငါးသိန်းကိုးသောင်းကျော် (၅၉၀၀၁၅ ဒသမ ၁၃ ဧက)၊ စုစုပေါင်း ဧရိယာဧက ၁ ဒသမ ၁၅ သန်းကျော် (၁၁၅၀၈၁၂ ဒသမ ၇ ဧက)ကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့သည်။ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးကို သိရှိနားလည်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း လန်ချန်းခရိုင် သွင်းကုန်၊ ထုတ်ကုန်အဖွဲ့အား တွေ့ဆုံဆွေးနွေး



**မန္တလေး ဇွန် ၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ပဋ္ဌာမြားခန်းမတွင် ယမန်နေ့ မွန်းလွဲ ၃နာရီက အသင်းဥက္ကဋ္ဌ ဦးဝင်းဌေး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်လှလှနှင့် အလုပ်အမှုဆောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ လန်ချန်းခရိုင်မှ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များက လာရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်လန်ချန်းခရိုင်မှ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင်များအသင်းအဖွဲ့ခေါင်းဆောင်က စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေးစနစ် ပိုမိုကောင်းမွန်စေရေး၊ နယ်စပ်ကုန်သွယ်မှုဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

(၀၄၅)

# ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့် အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဒေါနဘွားရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၂လမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၆၃လမ်းနှင့် ၆၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၅လမ်းနှင့် ၁၇လမ်းကြား၌ မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၃ လမ်းတောင်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့်မြောင်းစာများကို လုပ်သားများက ၈၃လမ်းနှင့် ၈၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ချမ်းအေးသာစံအရှေ့ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်း၈၀ အနောက်ဘက်ခြမ်း မြောင်းအတွင်းမှ ကြွက်စာနှင့် အမှိုက်များကို လုပ်သားများက ၂၆ လမ်းနှင့် ၂၇လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် စိတ္တရမဟီရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၄လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက် နှင့် မြောင်းစာများကို E-35ဘက်ဟိုးစက်အသုံးပြု၍ ၂၆လမ်းနှင့် ၂၇လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈လမ်းနှင့် ၃၁ လမ်း တံတားထိပ်မြောင်းအတွင်းမှ အမှိုက်နှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် ၃၆ လမ်း တောင်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၈၂လမ်းနှင့် ၈၃လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ကျွန်းလုံးဥသျှောင်ရပ်ကွက် အကွက်(၅၀၃) ရေစီးရေလာ ကောင်းမွန်ရေးအတွက် ၈၂လမ်း အနောက်ဘက်မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဂျပန်မြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နွံနှင့်ဒိုက်များကို လုပ်သားများက ၁၂၉လမ်းနှင့် ၁၃၀လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိပြီး စာသင်ဆောင်များ ဥပမိရပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုနှင့် ကျောင်းဝင်းလုံခြုံမှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



## တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ပညာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြစဉ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဘာသာရပ်များအားလုံးရှိ ဆရာ ဆရာမများ၏အရည်အသွေးမြှင့်တင်ရန် မွမ်းမံသင်တန်းများပေးရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို သင်ကြားရာတွင် မိမိတို့၏ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုများသာမက ဆက်စပ်ဘာသာရပ်များကိုပါ ကျွမ်းကျင်မှုရှိစေရန်အတွက် စာအုပ်စာပေများကို အမြဲမပြတ် ဖတ်ရှုလေ့လာနေကြရန်လိုအပ်ကြောင်း၊ အရည်အသွေးရှိသော ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းအချင်းချင်း မေတ္တာတရားရှေ့ထားပြီး စည်းလုံးညီညွတ်စွာ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒဂုံတက္ကသိုလ်တွင် ရုက္ခဗေဒဘာသာရပ်နှင့် ဇီဝဓာတုဗေဒဘာသာရပ်များကို အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)သို့ရောက်ရှိကာ တက္ကသိုလ်၏ ဥပမိရပ်ကောင်းမွန်ရေး၊ တက္ကသိုလ်ပရဝဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ဘာသာရပ်ဆိုင်ရာ လက်တွေ့ဆောင်ရွက်နေမှုနှင့် အခြေခံပညာအလယ်တန်းကျောင်း (မြန်မာ့သားကောင်း)၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ အတန်းတက်ရောက် ပညာသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး မိမိတို့ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ ကျွမ်းကျင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်စေရန် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ခန်းအတွင်း ရောက်ရှိရေးသည် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားလုံးတွင် တာဝန်ရှိကြောင်း၊ KG+9 (အခြေခံပညာအလယ်တန်းအဆင့်) ပြီးမြောက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများအတွက် ခရိုင်အလိုက်ဖွင့်လှစ်ထားရှိသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် မိမိတို့စိတ်ပါဝင်စားရာ ဘာသာရပ်အလိုက် တက်ရောက်သင်ယူနိုင်ရန်အတွက် ဆရာ ဆရာမများအနေဖြင့် အလယ်တန်းအဆင့် ကျောင်းသားများကို ရှင်းလင်းပြောကြားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသော မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မေ ၂၃ ရက်မှ ဇွန် ၅ ရက်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၆၈၇၇၅၀၄ ဦး လာရောက်အပ်နှံပြီးစီးခဲ့ပြီး ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများလည်း သက်ဆိုင်ရာကျောင်းများထံသို့ လာရောက်ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း (Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၆

ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း(Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်များ လွယ်ကူချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရန်အတွက် ဗီဇာဖြေလျှော့မှုများ၊ ငွေကြေးလဲလှယ်မှုများ၊ ငွေပေးချေရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်လျက်ရှိသော ခရီးသွားလုပ်ငန်းအများစုသည် ယဉ်ကျေးမှုနှင့် တောတောင်ရေမြေသဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းများဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း(Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း၊ ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအနေဖြင့် လက်ရှိဆောင်ရွက်နေမှုများကို အခြေခံ၍ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း(Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၆

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ချင်းပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မိုးစလ

# စက်မှုဇုန်ပြင်ပတွင် လည်ပတ်နေသော လုပ်ငန်းများရှိသဖြင့် စက်မှုဇုန်အသစ်များ ထပ်မံတည်ဆောက်ပေးသွားရမည်

နေပြည်တော် ဇွန် ၆

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကောင်စီဝင်များ၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နေပြည်တော်ကောင်စီရှိ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထပ်မံတည်ဆောက်ပေးရမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် တည်ထောင်ပြီး စက်မှုဇုန် ၂၈ ဇုန်၊ စက်မှုရပ်ကွက် ငါးခု၊ ဆောင်ရွက်ဆဲစက်မှုဇုန်စီမံကိန်း နှစ်ခုရှိကြောင်း၊ အဆိုပါ စက်မှုဇုန်၊ စက်မှုရပ်ကွက်နှင့် စီမံကိန်းများအတွင်း အငယ်စား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းပေါင်း ၇၉၇၂ ခုရှိပြီး လုပ်သားပေါင်း ငါးသိန်းကျော်ကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်ကြောင်း၊ စက်မှုဇုန်ပြင်ပတွင် လည်ပတ်နေသော လုပ်ငန်းများရှိသဖြင့် စက်မှုဇုန်အသစ်များထပ်မံတည်ဆောက်ပေးသွားရမည် ဖြစ်ကြောင်း၊ ပြည်တွင်း စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်အသစ်များ တည်ထောင်ရန်နှင့် တည်ထောင်ထားရှိသော စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍ စက်မှုဇုန်ဥပဒေကို ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး တာဝန်ခံဝန်ကြီးဌာနသည် စက်မှုဝန်ကြီးဌာနဖြစ်ကြောင်း၊ အတည်ပြုပြီး စက်မှုဇုန်ဥပဒေနှင့်အညီ ဗဟိုကော်မတီ၊ ဒေသဆိုင်ရာကော်မတီ၊ စီမံခန့်ခွဲရေး ကော်မတီများ ဖွဲ့စည်းပြီး စက်မှုဇုန်အသစ်များ စနစ်တကျ ထူထောင်သွားရန်၊ တည်ထောင်ပြီး စက်မှုဇုန်များအား အဆင့်မြှင့်တင်ရန်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များတွင် ပြန့်ကျဲတည်ရှိနေသော စက်မှုလုပ်ငန်းများအား စက်မှုဇုန်များတွင် စုပေါင်း လုပ်ကိုင်စေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ခံစားရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် နိုင်ငံ့စီးပွားတိုးတက်စေရန် ဆောင်ရွက်ကြရန် ပြောကြားသည်။

**လက်တွေ့ကျကျစီမံဆောင်ရွက်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေး၊ အခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်စေရေး၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့အတွက် အလားအလာရှိသော လုပ်ငန်းများကို လက်တွေ့ကျကျ စီမံဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားသည်။



ယင်းနောက် စက်မှုလုပ်ငန်းနှင့်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေနှင့် စက်မှုဇုန်နည်းဥပဒေဆိုင်ရာများ၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဖွဲ့စည်းမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ စက်မှုဇုန်အသစ် တည်ထောင်ခြင်းနှင့် သတ်မှတ်ကြေညာခြင်း၊ စက်မှုလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ စက်မှုဇုန်စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်က ဒက္ခိဏသီရိစက်မှုဇုန် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန်အသစ်များ ထပ်မံဖော်ဆောင်မည့် အခြေအနေကို လည်းကောင်း၊ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဒက္ခိဏသီရိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတို့က ဒက္ခိဏသီရိစက်မှုဇုန်၏ လုပ်ငန်းလည်ပတ်နေမှုတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မိတ္ထီလာမြို့ရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်သို့ရောက်ရှိပြီး ပညာရေး ဒီဂရီကောလိပ်လေးနှစ်သင်ကျောင်းသားကျောင်းသူများနှင့်လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ် သင်တန်းသားသင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပညာပါရမီခန်းမ၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ် ပညာသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ နာခံ၊ မှတ်သား၊ အတုယူကာ မိမိတို့၏တပည့်များကို ဆရာ့ကျင့်ဝတ်ငါးပါးနှင့်အညီ ပြန်လည်သင်ကြား ဆုံးမပဲ့ပြင်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (ချည်စက်)များသို့ သွားရောက်ပြီး ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ အတန်းတက်ရောက်ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တပည့်ကျောင်းသား ကျောင်းသူများကို လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမပေးရန်နှင့် ကျောင်းနေမြဲရေးအတွက် စည်းရုံးဆောင်ရွက်ပေးရန်၊ အမှန်တကယ် စာတတ်မြောက်အောင် သင်ကြားပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိပြီး သိပ္ပံလက်တွေ့ခန်းများနှင့် ဘာသာရပ်ဌာနများကို စစ်ဆေးကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများ စာသင်ခန်းများတွင် အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုများ၊ စာသင်ဆောင်များ သန့်ရှင်းသာယာ သပ်ရပ်မှုရှိအောင် ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် Logo ရေးဆွဲပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၆

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကိုယ်စားပြုသတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo) ပြိုင်ပွဲကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၁၂ ရက်အတွင်း ကျင်းပမည်ဖြစ်သည်။

အထိမ်းအမှတ်တံဆိပ်(Logo)တွင် ပါဝင်ရမည့် အချက်များအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပမည်ဆိုသည့် အဓိပ္ပာယ်၊ ကျင်းပသည့် အကြိမ်အရေအတွက်နှင့် ပါဝင်ယှဉ်ပြိုင်မည့်ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ကိုယ်စားပြုသော အဓိပ္ပာယ်၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်အထိမ်းအမှတ် ပြာ၊ ဝါ၊ နက်၊ စိမ်း၊ နီ အရောင်ပါကွင်း ငါးကွင်း၊ အားကစားသမားအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ချစ်ကြည်ရင်းနှီးမှုသဘောဆောင်သည့် ရေးဆွဲချက်၊ မိမိနိုင်ငံရှိထင်ရှားသော အထိမ်းအမှတ်အဆောက်အအုံများကို ဖော်ညွှန်းသည့် အဓိပ္ပာယ်ပါသော ရေးဆွဲချက်၊ မိမိရေးဆွဲယှဉ်ပြိုင်သည့် ပန်းချီ သို့မဟုတ် Graphic Design တွင် ရေးဆွဲထားသော အကြောင်းအရာနှင့် အသုံးပြုထားသော အရောင်တို့၏ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်များ ပါရှိရမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ယခင်က ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုခဲ့သည့် Logo အစား ယခုပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရသည့် Logo ကို ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရပါက ဆုကြေးငွေအဖြစ် ငွေကျပ် ၂၅ သိန်းကို ချီးမြှင့်ပေးသွားမည်ဖြစ်ကာ ရွေးချယ်ခြင်းခံရသူကို နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာ၍ ဆုချီးမြှင့်ပွဲကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးချယ်ခံရသော Logo ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ မူပိုင်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အာရှထိပ်သီး ဂျပန်ကို မြန်မာအသင်းအိမ်ကွင်း၌ ရှုံးနိမ့်

ရန်ကုန် ဇွန် ၆

၂၀၂၆ ကမ္ဘာ့ဖလားအာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲအဖြစ် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ဇွန် ၆ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ရာ ဂျပန်အသင်းက ငါးဂိုးပြတ် အနိုင်ရခဲ့သည်။



ယခုပွဲကို မြန်မာဘောလုံးပရိသတ် နှစ်သောင်းကျော်အထိ လာရောက်အားပေး ခဲ့ကြသည်။ ဂျပန်အသင်းသည် နာမည်ကြီး ကစားသမား ဒိုအန်၊ တာနီဂူချီ၊ နာကာမူရာ၊ အိုဂါဝါ၊ ကာမာဒါတို့ကို ကစားသမားသစ်များဖြင့် တွဲဖက်ကစားစေခဲ့သည်။ ဂျပန်အသင်းအတွက် အနိုင်ဂိုးများကို ၁၇၊ ၉၀+၃ မိနစ်တွင် နာကာမူရာ၊ ၃၄ မိနစ်တွင် ဒိုအန်၊ ၇၅၊ ၈၃ မိနစ်တွင် အိုဂါဝါတို့က သွင်းယူခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် မြောက်ကိုရီးယား အသင်းက ဆီးရီးယားအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင် ရခဲ့သည်။ အုပ်စု(ခ)တွင် ငါးပွဲစီကစားအပြီး၌ ဂျပန်အသင်းက ၁၅ မှတ်၊ ဆီးရီးယားအသင်းက ခုနစ်မှတ်၊ မြောက်ကိုရီးယားအသင်းက ခြောက်မှတ်၊ မြန်မာအသင်းက တစ်မှတ်ရရှိထား သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇွန် ၁၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

□ စာမျက်နှာ ၂၄ မှ

နည်းကို နည်းစနစ်တကျ စည်းမျဉ်းဥပဒေများနှင့်အညီ ကစားတတ်စေရန်၊ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ထောက်ပံ့ပေးနိုင်သော ဖူဆယ်အားကစားသမားများ ပေါ်ပေါက်လာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲများတွင် အနိုင်မခံအရှုံးမပေးသည့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ယှဉ်ပြိုင်ကစားကာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဖြစ်လာအောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက ပြိုင်ပွဲဝင်အားကစားသစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုင် ၁၁ ခုမှ ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ပွဲဦးထွက် ညောင်ဦးခရိုင်အသင်းနှင့် မြင်းခြံခရိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း နှင့် အုပ်စုပွဲစဉ်အလိုက် နေ့စဉ်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဇွန် ၁၂ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀



## မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စု၊ ကြံခင်းကျေးရွာ ကြံခင်းရွာဦးကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ် (၂၀)မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ကျောင်းတိုက် ဓမ္မာစာရဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ကြံခင်းရွာဦးကျောင်းတိုက် ပဓာနနာယက၊ ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တတိက္ခာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး ၆၀ ကြွရောက်တော်မူကြပြီး ပဋ္ဌာန်းကုသိုလ်ရှင် ဒါယကာ၊ ဒါယိကာမများ၊ ဆွမ်း၊ ဟင်း၊ အချို ပွဲကုသိုလ်ရှင်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မကုသိုလ်ရှင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြည်ညိုကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြသည်။

ထို့နောက် ချမ်းသာကြီးကျောင်းတိုက်မှ ဘဒ္ဒန္တသုခ က ပဋ္ဌာနဝေဖြာ အောင်ဆုဂါထာတော်ဖြင့် ဘုရားရှိခိုးပြီး ချမ်းသာကြီးကျောင်းတိုက်မှ ဘဒ္ဒန္တပါရဂူ က အနုမောဒနာဂါထာတော်ဖြင့် ပူဇော်သည်။ ဆက်လက်၍ ရေဝန်းတောင်ကျောင်းတိုက် ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တဂန္ဓမာလာထံမှ ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာယူကြကာ အမျှပေးဝေကြသည်။

ထို့နောက် ပေါက်မြိုင်ကျောင်းတိုက်မှ ဘဒ္ဒန္တအာစိဏ္ဏက အခမ်းအနားသိမ်းအောင်ပွဲ ဂါထာတော်ဖြင့် ပူဇော်၍ ချမ်းသာကြီးကျောင်းတိုက်မှ ဘဒ္ဒန္တပရမက နတ်ဗြဟ္မာအပေါင်းတို့အား ပြန်လည်ပို့ဆောင်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆွမ်းကုသိုလ်ရှင်မိသားစုက သံဃာတော် အပါး ၆၀ အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၄၃)

## ညောင်ဦးမြို့နယ်အတွင်း MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းအဖွဲ့များဖြင့် လုပ်ငန်းများ စနစ်တကျရှိစေရေး၊ ပြည်တွင်းရောင်းကုန်များမှသည် ပြည်ပရောင်းကုန်များအထိ ထိုးဖောက်ရောင်းချနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက မြင်းပျံ့ပုံးရည်ကြီးလုပ်ငန်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မြင်းပျံ့ပုံးရည်ကြီးလုပ်ငန်း ထုတ်ပိုးမှုစနစ်တကျရှိစေရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်း၊ မီးငြိမ်းသတ်ရေးလက်တွေ့ သရုပ်ပြခြင်းလုပ်ငန်းဆောင်ရွက်ခြင်းများအား ပူးပေါင်းအဖွဲ့များဖြစ်သော ညောင်ဦးခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးအေးနှင့် ဝန်ထမ်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်သီတာထွန်းနှင့် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့်ဝန်ထမ်းများ၊ ညောင်ဦးခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသန်းစိုး၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ ပူပေါင်း၍ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထုတ်ကုန်များသန့်ရှင်းကောင်းမွန်စေရန်၊ လုပ်ငန်းခွင်အတွင်း နေ့စဉ်သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အဆင့်မြင့်ထုတ်ပိုးမှုများ လုပ်ဆောင်လာနိုင်ရေး ၊ Automating Systems အဆင့်မြင့်စက်ကိရိယာများ အသုံးပြုလာနိုင်ရေး၊ လုပ်ငန်းခွင်မီးဘေးလုံခြုံရေး အစီအမံများရှိစေရေး အသိပညာပေးခြင်း၊ လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ပူးပေါင်းကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(၄၈၁)

၀-၀-၀-၀



## ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

**မိတ္ထီလာ ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်နှင့် မိတ္ထီလာမြို့နယ်တို့မှ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး Billboard စိုက်ထူခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအနီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး Billboard စိုက်ထူခြင်း အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် တာဝန်ရှိသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းဇော်နှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး နှံရုံကပ်စာစောင်များအား ပေးအပ်ခဲ့သည်။ ၎င်းနောက် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး Billboard အား ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဝင်းမင်းထွန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက်ယူရေးအသိပညာပေး Billboard အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာများဖြင့် ပက်ဖျန်းခဲ့ကြသည်။ ထို့နောက် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ရုံးမှ ဝန်ထမ်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး Billboard ကို နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအနီးတွင် စိုက်ထူထားသည့်အပြင် အောင်ဇေယျာရပ်ကွက် ရန်ကုန်-မိတ္ထီလာ ကားလမ်းယာဉ်ရပ်နားစခန်းအနီးတွင်လည်း စိုက်ထူးထားရှိကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၆၉)

၀-၀-၀-၀



ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

○ စာမျက်နှာ ၂၄ မှ

ထဲရောက်တယ်။ အဲဒီရေတွေကို စက်ရုံ ၉ ခုကနေ စုပ်ယူပြီး Water Level နှိမ့်ချထားခြင်း အားဖြင့် မြို့ပေါ်က မိုးရေတွေ က အမြန်စီးဆင်းသွားရာက ရပ်ကွက်နဲ့လမ်းတွေပေါ် ကြာ ကြာရေမရှိနိုင်တော့ဘူး။ အဲဒါ တွေကို ကျွန်တော်တို့ဌာနက ဆောင်ရွက်နေပါတယ်''ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မိုးရာသီကာလတွင် မန္တလေး မြို့တွင်း၌ ရေကြီးရေလျှံမဖြစ် စေရန် မြို့တွင်းမှ စီးဆင်းလာ သည့် မိုးရေများ ထိန်းသိမ်း သော သင်္ဘောချောင်း၊ ကန်တော် ကြီး၊ တောင်သမန်ကန်၊ ရွှေတ ချောင်း စသည်တို့တွင် မိုးကြို ကာလကတည်းက Water Level များ နေ့စဉ်ထိန်းညှိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

■ စာမျက်နှာ ၂၄ မှ

မယ့်နှမ်းမျိုးစုံ ပေါက်ဈေးတွေဈေးကောင်းနေပါတယ်။ မြေပဲအနီလုံးဆန်ထိပ်စတစ်ပိဿာ ငွေကျပ်၇၈၀၀-၈၀၀၀တန်တွေ ကတော့တရုတ်လိုင်း အဝယ် ကောင်းနေပါတယ်။နောက် တရုတ်လိုင်း ဝယ်တာကျန်တဲ့ မြေပဲဆန်တွေကိုတော့ ပြည်တွင်း စက်ပိုင်တွေ အဝယ်ရှိနေပါတယ်။ မြေပဲဆန် ဈေးကတော့ ဈေးကျဆင်းစရာ မရှိပါဘူး''ဟု ၎င်းကပြောသည်။

ဇွန် ၅ ရက်တွင် ပို့ကုန်ပဲ များ ဈေးတည်ငြိမ်နေရာ ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ပဲစင်းငုံတစ် အိတ်လျှင်ငွေကျပ် ၄၂၅၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၁၄၀၀၀၊ အညာ တစ်အိတ်လျှင် ငွေကျပ် ၁၉၃၀၀၀ ပေါက်ဈေးဖြင့်ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးပြန် မြင့်တက်လာရာ ဇွန် ၅ ရက်တွင် ကုလားပဲ V2 တစ်အိတ် လျှင် ငွေကျပ် ၂၅၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၂၈၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ အသီးသီး ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာ တရုတ်လိုင်းအဝယ်ကောင်း သည့်ပဲအချို့ဈေးမြင့်တက်လာသော်လည်း ကျန်ပဲများ ပုံမှန်အရောင်းအဝယ်ပုံမှန်သာရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၁၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၄၀၀ ပေါက်ဈေး ရှိနေသည်။

ဇွန် ၅ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဆက်လက် မြင့်တက် လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၃၅၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ်၄၇၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

(ရွှေမန်း)



## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်

ညောင်ဦး ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေး ခပ်ခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၉နာရီခွဲအချိန်က ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ ကွင်းဆင်းဆောင်ရွက် ခဲ့ကြသည်။

ဖုံး၊ သွန်၊ လဲ၊ စစ်ကွင်းဆင်း ဆောင်ရွက်ရာတွင် အ.ထ.က၊ အ.မ.ကကျောင်းများနှင့် မြို့နယ် အတွင်းရှိ လူနေအိမ်များရှိ အုတ်ကန်၊ ရေစည်ပိုင်း၊ သံပေပါများထဲသို့ အဘိတ်ဆေးခပ်ခြင်း၊ ရေတင် ကျန်နိုင်သည့် နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင် ရွက်ခြင်းနှင့် ခြင်သားလောင်း ပေါက်များ မပေါက်ပွားနိုင်အောင် အသိပညာပေး ဟောပြောခြင်းလုပ် ငန်းများကို ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဇာဇာဝင့်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် များ၊ ကွင်းဆင်းဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၈၁)

၀-၀-၀-၀-၀

၀-၀-၀



## မိတ္ထီလာခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၄ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

မိတ္ထီလာ ဇွန် ၆

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၄ခုနှစ် မိုး ရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက အဆိုပါဘဏ်ခွဲ တွင် ကျင်းပခဲ့သည်။

၂၀၂၄ခုနှစ် မိုးရာသီ စိုက်ပျိုး စရိတ်ချေးငွေ ပေးအပ်ပွဲတွင် မြို့ နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်



အောင်လေးက အမှာစကားပြော ကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ မိတ္ထီလာခရိုင်မန်နေဂျာ ဒေါ်မာမာသီက မြို့နယ်အတွင်း ချေးငွေကြွေးကျန်များ ပြေကြေစွာ ကောက်ခံရရှိရေးနှင့် ပြေကြေသည့် တောင်သူများအား ချေးငွေသစ်များ ပြန်လည်ထုတ်ချေးပေးခြင်းကိစ္စ ရပ်များနှင့် စည်းမျဉ်းစည်းကမ်း များ၊ အတိုးနှုန်းများ၊ ငွေချေး တောင်သူများ သီးနှံအာမခံထားရှိ နိုင်ရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်အာမခံ လုပ်ငန်းတာဝန်ခံ ဦးဌေးလွင်က သီးနှံအာမခံအကြောင်းကို ရှင်း လင်းဆွေးနွေးပြီး တောင်သူများက အာမခံလုပ် ငန်းနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေး ရာ ခရိုင်တာဝန်ခံက ပြန်လည် ရှင်းလင်း ဆွေးနွေးပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မိတ္ထီလာ ခရိုင်မန်နေဂျာ ဒေါ်မာမာသီနှင့် တာဝန်ရှိသူများက ညောင်ကိုင်း ကျေးရွာမှ တောင်သူ ၈၄ဦးတို့အား စပါးတစ်ဧကလျှင် ငွေကျပ် တစ် သိန်းခွဲနှုန်း၊ ယာသီးနှံတစ်ဧက လျှင် ငွေကျပ်တစ်သိန်းနှုန်းတို့ဖြင့် မိုးစပါး စိုက်ဧက ၂၈၁ ဧကနှင့် အခြားသီးနှံ စိုက်ဧက ၁၃ဧကတို့ အတွက် စိုက်ပျိုးစရိတ်ချေး ငွေကျပ် သိန်း ၄၃၄ ဒသမ ၅၀ ကို ထုတ်ချေးခဲ့သည်။

မိတ္ထီလာခရိုင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်၌ စိုက်ပျိုး စရိတ်ချေးငွေထုတ်ချေးရန် ကျေးရွာအုပ်စု ၅၃အုပ်စုမှ မိုး စပါးစိုက်ပျိုးရန် လျာထားဧက ၁၂၀၀၀နှင့် အခြားသီးနှံဧက ၄၂၀၀၀တို့အတွက် ထုတ်ချေးရန် လျာထားငွေကျပ်သိန်း ၆၀၀၀၀ လျာထားကြောင်း သိရသည်။

(၄၆၉)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက် တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိ သည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်း ဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေ မည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက် ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ အရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရ ပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင် ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဇွန် ၅ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာလူမှု ကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုမှုလုပ်ဆောင်ခဲ့သည့် "Henry Soe Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ် ကနောင်စုရပ်ကွက်နေ စောစိုးမိုးအား ည ၈ နာရီ မိနစ်၂၀ တွင် ဟင်္သာတမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေ နှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jung Kook က Vမွေးနေ့ အမှတ်တရခရီးသွားပုံတင်ပြ



ဘီတီအက်စ်အဖွဲ့ဝင်ဂျောင်ဂု နှင့်ဗွီ(ခေါ်)ကင်ထယ်ယောင်း တို့မှ ရင်းနှီးသော ဆက်ဆံရေး ရှိပြီး ဂျောင်ဂုက ဗွီမွေးနေ့အမှတ် တရခရီးသွားသောပုံ တင်ပြထား၍ ပရိသတ်များ စိတ်ဝင်စားမှု မြင့်မားခဲ့သည်ဟု ဆွန်ပီဝက်ဘ် ဆိုက်တွင် ဖော်ပြသည်။

ဘီတီအက်စ်အဖွဲ့သည် သင်တန်းသားဘဝငယ်စဉ်ကပင် အိမ်လွမ်းနာကျနေသည့် ဂျောင်ဂုကို အစစအရာရာ ဂရုစိုက်ပေးခဲ့သော ဗွီက လက်ရှိအချိန်အထိ ဂရုတစိုက်နှင့် သင်တန်းသားဘဝတွင်ပင် သွားရောက်လည်ပတ်အားပေးထားသည်။

ဂျောင်ဂုကလည်း ဗွီ(ခေါ်)ကင်ထယ်ယောင်းမွေးနေ့အမှတ်တရ နှစ်ဦးတည်း လျှို့ဝှက်စွာသွားခဲ့သောခရီးမှ ဓာတ်ပုံကို တင်ထားရာ ဗွီက Thank U members and JK ဟု တုံ့ပြန်ထားသည်။

အနုပညာရှင်နှစ်ဦးလွတ်လပ်ပေါ့ပါး၍ လူငယ်ဆန်သော ပုံရိပ်များနှင့်ပရိသတ်ကို အံ့အားတသင့်ဖြစ်စေခဲ့ပြီး သူတို့အတူသွားခဲ့သည့်ခရီးကို စိတ်ဝင်တစားဖြစ်ခဲ့ကြကာ အားပေးမှုတစ်ခဲနက် ရရှိထားသည်။

(SKY)

o-o-o-o-o-o

## အဆစ်အမြစ်ရောင်ရောဂါပျောက်ဆေးအချို့ မှိုစွဲရောဂါများကို သက်သာပျောက်ကင်းစေနိုင်

အဆစ်အမြစ်ရောင်ရောဂါသက်သာပျောက်ကင်းအောင် သောက်ရသည့် ဘိုင်ဖိုစဖိုနိတ်အပါအဝင်ဆေးဝါးအချို့၏ အာနိသင်နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုကာတာဓာတ်ခွဲခန်းတွင် မကြာသေးမီက ဓာတ်ခွဲသုတေသနပြု လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ဘိုင်ဖိုစဖိုနိတ်အုပ်စုတွင်ပါဝင်သော ရီဆေဒရိုနိတ်၊ အလင်ဒရိုနိတ်နှင့် ဇိုလေဒရိုနိတ် ဆေးဝါးနှင့် မှိုစွဲရောဂါပျောက်ဆေးများဖြစ်သည့် ဆေးများကို တွဲဖက်သောက်သုံးလျှင် ပိုမိုထိရောက်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

မှိုစွဲရောဂါဖြစ်ပွားစေသော မှိုအမျိုးမျိုးကို အဆိုပါဆေးအတွဲနှစ်မျိုး၏အာနိသင်ဖြင့် တိုက်ဖျက်ခဲ့ရာများစွာ အကျိုးသက်ရောက်မှုရှိကြောင်း ဖော်ထုတ်တွေ့ရှိကြောင်း ဦးဆောင်သုတေသီ အိုင်ဒန်ကိန်းက ရှင်းလင်းပြောကြားသည်။

ဘိုင်ဖိုစဖိုနိတ်ဆေးဝါးတစ်မျိုးတည်းနှင့်ပင် လူတို့၏ မှိုစွဲရောဂါများကို ပျောက်ကင်းစေနိုင်မည်ကြောင်း သိရသည်။

SCI







## Lee Jung Jae နှင့် Yoo Jae Suok တို့ ရင်းနှီးသော ဆက်ဆံရေးရှိကြ

နာမည်ကြီးဝါရင့်မင်းသား Squid Game သရုပ်ဆောင် လီဂျောင်ဂျေးနှင့်နိုင်ငံအချစ်တော် ယူဂျေဆွတ်တို့မှာ ရင်းနှီးသော ဆက်ဆံရေးရှိခဲ့ကြသည်ဟု Youquiz on the block တွင် ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သူတို့နှစ်ဦးနာမည်မကြီးမီ သင်တန်းသားဘဝကပင် သွေးသောက်ညီအစ်ကိုနှစ်ဦးဖြစ်ခဲ့ကြပြီး ယူဂျေဆွတ်က လီဂျောင်ဂျေးကို ကုန်းပိုး၍ တာဝန်ထမ်းဆောင်ခဲ့ရသည်အထိ ရင်းနှီးမှုရှိခဲ့ကြသည်။

အနုပညာကို ချစ်မြတ်နိုးကြသူနှစ်ဦးဖြစ်ပြီး လီဂျောင်ဂျေးက သရုပ်ဆောင်ထူးချွန်ပြောင်မြောက်၍ အနုပညာထူးချွန်ဆုများစွာ ရရှိထားကာ ယူဂျေဆွတ်မှာလည်း နိုင်ငံအချစ်တော် ကမ္ဘာကျော်အစီအစဉ်တင်ဆက်သူဖြစ်လာကာ သူပါဝင်ထားသည့် ရသရှိုးတိုင်း အောင်မြင်မှုများစွာ သိမ်းပိုက်နိုင်ခဲ့သူ ဖြစ်သည်။

(SKY)

## G Dragon@ Kwang Jiyoung က တက္ကသိုလ်တွင် ဟောပြောပွဲအတွက် လက်မှတ်အခမဲ့ ပေးခဲ့

ကေပေါ့ပ်အနုပညာရှင်များ တက္ကသိုလ်တွင် ဂီတဖျော်ဖြေပွဲများ ကျင်းပနေချိန် ဂျီဒရယ်ဂွန် (ခေါ်) ကွမ်ဂျီယောင်းက KAIST Innovate Korea 2024 Event တွင် ဟောပြောမည်ဖြစ်ကာ လက်မှတ်များအခမဲ့ ပေးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ်ဘုရင်အဖြစ် သတ်မှတ်ခံထားရသည့် ဂျီဒရယ်ဂွန်က သီချင်းမဆိုဘဲ တက္ကသိုလ်တွင် လာရောက်ဟောပြောမည်ဖြစ်၍ ပရိသတ်ရင်ခုန်နေကြပြီး အလွန်အဖိုးတန်မည့် ဟောပြောပွဲဟု သတ်မှတ်ထားကြသည်။

အနုပညာစွမ်းရည်ပြည့်ဝသည့် ဂျီဒရယ်ဂွန်မှာ တေးရေး၊ တေးဆို၊ ထုတ်လုပ်သူ၊ ကုမ္ပဏီပိုင်ရှင် (နိုက်အားကစားဖိနပ်နှင့်တွဲ၍) ဖြစ်ကာ အနုပညာအတွေ့အကြုံများပြားပြီး စကားပြောစွမ်းရည်လည်း ကြွယ်ဝသူဖြစ်သည်။

သူ၏ ဟောပြောပွဲအတွက် လက်မှတ်များ ရောင်းကုန်သွား၍ ပရိသတ်နားဆင်နိုင်ရန်အတွက် လက်မှတ်များ အခမဲ့ဝေပေးခဲ့သဖြင့် နှစ်ခြိုက်သဘောကျနေကြသည်။

(SKY)






## EXO မှ Baekhyun ၏ အနုပညာခံယူချက် ရင်ဖွင့်ထား



အိပ်ဇိုအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဘိတ်ဟွမ်က သူ၏ အနုပညာခံယူချက်အကြောင်း ရင်ဖွင့်ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘိတ်ဟွမ်ကို ၁၉၉၂ ခုနှစ် မေ ၆ ရက်တွင် မွေးဖွားခဲ့ပြီး ဆိုးလ်အနုပညာတက္ကသိုလ်တက်နေစဉ်တွင် အက်စ်အမ်၏ လူစစ်ရွေးချယ်ပွဲအောင်မြင်ခဲ့ကာ လေ့ကျင့်ရေး စတင်ခဲ့သည်။

အိပ်ဇိုအဖွဲ့၏ အဓိကအဆိုရှင်အဖြစ် ပွဲဦးထွက်ခဲ့ပြီး ဇာတ်ဝင်တေးများနှင့် ဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့ကာ အင်္ဂလိပ်၊ ကိုရီးယားနှစ်ဘာသာနှင့် ဂီတစွမ်းရည်ပြည့်ဝသူဖြစ်သည်။

ဘိတ်ဟွမ်သည် အက်စ်အင်န်အက်စ်ဒီမှအဖွဲ့ခေါင်းဆောင်တေယွန်နှင့် ချစ်သူဖြစ်၍ ဝေဖန်ခံရပြီး နာကျင်စွာတောင်းပန်ခဲ့ကာ သူ၏စံပြအနုပညာရှင်မှာ ရိန်းဖြစ်သည်။

သူ၏ အနုပညာအပေါ်ခံယူချက်များကို ရင်ဖွင့်ထားရာ ဘဝဆိုသည်မှာ အစွမ်းကုန်ကြိုးစားရမည့် လမ်းဖြစ်ပြီး အမှန်တရားကို လွယ်လွယ်နှင့်ရှာမရနိုင်ပါ။ အားတင်း၍ ရင်ဆိုင်ရန်အားပေးနေမည်ဖြစ်ပြီး ယုံကြည်မှုကို နှစ်ရှည်တည်ဆောက်ရသော်လည်း ပျက်သွားခဲ့လျှင် တစ်သက်လုံးပြန်မရသဖြင့် အရာအားလုံးအကြောင်းတရားသာဖြစ်သည်ဟု သူ့ခံယူချက်များ ရင်ဖွင့်ပြောကြားခဲ့သည်။ (SKY)



## Song Seung Heon က Song Hye Kyo နှင့်တွဲ၍ သရုပ်ဆောင်ရန် ပြောကြား

နာမည်ကြီးအနုပညာရှင်တစ်ဦးဖြစ်ခဲ့သည့် ဆောင်းဆေဟွန်က သူနှင့်တွဲ၍ သရုပ်ဆောင်လျှင် ဆောင်းဟေကိုက အောင်မြင်မှုထပ်မံရရှိဦးမည်ဟု အရွှန်းဖောက်ပြောကြားသွားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်းဆေဟွန်က အင်တာဗျူးတစ်ခုတွင် The Glory နှင့် အောင်မြင်မှုရရှိထားသော ဆောင်းဟေကိုကို သူနှင့်အတူ တွဲရိုက်ခဲ့သည့် ဆောင်းဦးရွက်ကြွေ ချစ်သက်သေ Autumnin my heart နှင့်နာမည်ကြီးခဲ့၍ ဆောင်းဟေကို သူနှင့်အတူတွဲ၍ သရုပ်ဆောင်လျှင် ထပ်မံနာမည်ကြီးဦးမည်ဟု ပြောကြားသွားသည်။

ပရိသတ်များက ခံ့ညားချောမောသည့် ဆောင်းဆေဟွန်နှင့် နုပျိုလှပသည့် ဆောင်းဟေကိုတို့နှစ်ဦးကို အတူတွဲသရုပ်ဆောင်ရန် မျှော်လင့်နေကြသည်။

(SKY)

## Sara Ali Khan တို့မောင်နှမ အီတလီနိုင်ငံရောမမြို့တွင် လည်ပတ်ခဲ့



အိန္ဒိယဘီလျံနာ အမ်ဘာနီ၏သား အကြိုမင်္ဂလာပွဲ ဒုတိယအကြိမ်ကျင်းပခဲ့ရာ ဘောလိဝုဒ်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြပြီး ဆာရာအလီခန်တို့ မောင်နှမ အီတလီနိုင်ငံရောမမြို့တွင် လည်ပတ်ခဲ့သော ပုံများ မျှဝေထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆာရာအလီခန်က အကြိုမင်္ဂလာပွဲတက်ရင်း လည်ပတ်ခဲ့သော ပုံများ ပထမဦးဆုံးတင်သည့် အနုပညာရှင်ဖြစ်ကာ သင်္ဘောပေါ်မှ ပါတီပွဲတက်ဖက်ရှင်အလှပုံ၊ အီတလီရောမမြို့တွင်း လည်ပတ်နေပုံ၊ မောင်နှမနှစ်ဦးညစာစားပွဲ မတက်မီပုံ၊ မင်္ဂလာပွဲတက်သော သူငယ်ချင်းများနှင့်ပုံ၊ ရောမအလှနောက်ခံနှင့် မောင်နှမနှစ်ဦးလည်ပတ်နေပုံများ ပရိသတ်ထံ မျှဝေပေးထားသည်။

အီတလီနိုင်ငံရောမမြို့တွင် ကျင်းပခဲ့သည့် အကြိုမင်္ဂလာပွဲပုံရိပ်များနှင့် ဘောလိဝုဒ်စတားများကို တောက်ပစွာ မြင်တွေ့ကြရသည်။ (SKY)

# ကမ္ဘာလုံးဆိုင်ရာ ရုပ်ကြွင်းလောင်စာထုတ်လုပ်မှု လျှော့ချရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်းဆော်သြ



**ဝါရှင်တန် ဇွန် ၆**

လာမည့် ၂၀၃၀ ပြည့်နှစ်အမီ ကမ္ဘာလုံးဆိုင်ရာ ရုပ်ကြွင်းလောင်စာထုတ်လုပ်မှု ပမာဏကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဇွန် ၅ ရက်တွင် တိုက်တွန်းဆော်သြလိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ သဘာဝသမိုင်းပြတိုက်တွင် ကျင်းပသော ရာသီဥတုအပြောင်းအလဲဆိုင်ရာ အစည်းအဝေးတွင် ၎င်းက ထိုသို့တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ယင်းလုပ်ငန်းဆိုင်ရာ ကြော်ငြာများကိုလည်း တစ်ကမ္ဘာလုံးရှိ မီဒီယာလုပ်ငန်းမျက်နှာစာ အသီးသီးတွင် ဆေးရွက်ကြီးလုပ်ငန်းများကဲ့သို့ ပိတ်ပင်ရန် ၎င်းက ဆက်လက်ပြောကြားခဲ့သေးသည်။

ရေနံ၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့စသော ရုပ်ကြွင်းလောင်စာသုံးရာမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲကာ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် လွန်ခဲ့သော မေလကုန်အထိ တစ်နှစ်ကြာကာလအတွင်း စက်မှုတော်လှန်ရေးမတိုင်မီကာလထက် ၁ ဒသမ ၆၃ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်ခဲ့ကြောင်း ကော်ပါးနီကပ်စ် ရာသီဥတုအပြောင်းအလဲဝန်ဆောင်မှုဌာနက ထုတ်ပြန်ကြေညာထားသည်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို ထိန်းချုပ်ရန်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယင်းကဲ့သို့ တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဟစ်ဇဘိုလာတို့ကို စစ်ဆင်တိုက်ခိုက်ရန် အစ္စရေးဘက်က အသင့်ပြင်ထားပြီဟု ဆို

**ဂျေရုဆလင် ဇွန် ၆**

ဟစ်ဇဘိုလာတို့ကို စစ်ဆင်တိုက်ခိုက်ရန် မိမိတို့ အစ္စရေးဘက်က အသင့်ပြင်ထားပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုက ဇွန် ၅ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

လက်ဘနွန်နယ်စပ်အနီးရှိ ဟစ်ဇဘိုလာတို့ ဒုံးလက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောနေရာများကို သွားရောက်စစ်ဆေးစဉ် ဒေသခံများကို ၎င်းက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဟစ်ဇဘိုလာတို့ကို ချေမှုန်းရန် အစ္စရေးလက်ယာအစွန်းရောက်ဝန်ကြီးနှစ်ဦးကလည်း အစိုးရကို ဖိအားပေးနေကြောင်း သိရသည်။

**Mon**

0-0-0-0-0



ချက်သမ္မတနိုင်ငံ ပါဒူဘိစ်မြို့ ဘူတာရုံတွင် ဇွန် ၅ ရက် ညပိုင်းက ဖြစ်ပွားကာ လူလေးဦးသေဆုံးကာ ၂၀ ဦးကျော် ဒဏ်ရာရစေခဲ့သော မီးရထားနှစ်စင်းတိုက်မှု ဖြစ်ပွားသည့်နေရာသို့ တာဝန်ရှိသူများ လာရောက်စစ်ဆေးနေစဉ်။

**Mon**



## ဘီဂျေပီပါတီ အစိုးရဖွဲ့စည်းနိုင်ရန်အတွက် အင်န်ဒီအေပါတီများက အားပေးထောက်ခံခဲ့

**ဒေလီ ဇွန် ၆**

အိန္ဒိယနိုင်ငံ၏ ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲရလဒ်များ ထွက်ပေါ်လာအပြီးတွင် အာဏာရ ဘီဂျေပီပါတီအနေဖြင့် ယခင်ရွေးကောက်ပွဲများကလို ထောက်ခံမဲ အပြတ်အသတ်ဖြင့် အနိုင်ရခဲ့ခြင်းမဟုတ်သဖြင့် ပါတီငယ်များနှင့် ပေါင်းစည်းကာ ၎င်းတို့နှင့်အတူ ညွန့်ပေါင်းအစိုးရ ဖွဲ့ရတော့မည့်အခြေအနေသို့ ရောက်ခဲ့သည်။

ဇွန် ၅ ရက်က ဘီဂျေပီပါတီမှ တာဝန်ရှိသူများသည် အင်န်ဒီအေခေါ် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အုပ်စုနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ထိုအုပ်စုထဲမှ ပါတီငယ်များက လိုက်လျောသဘောတူညီခဲ့ကြသည်။

ယင်းသဘောတူညီချက်အရ ဘီဂျေပီပါတီက ဦးဆောင်ပြီး အစိုးရဖွဲ့စည်းရန်နှင့် နာရင်ဒရာမိုဒီကို ဝန်ကြီးချုပ်အဖြစ် ဆက်လက်တင်မြှောက်ရန် ဆက်လက်စီစဉ်နေပြီဖြစ်သည်။

ယခုအကြိမ်တွင် ဘီဂျေပီပါတီသည် ပါတီငယ်များ၏ ကျောထောက်နောက်ခံပြုမှုကို အားကိုးခဲ့ရသဖြင့် အုပ်ချုပ်ရေးပိုင်းတွင် ယခင်ကထက် ဒီမိုကရေစီနည်းလမ်းတကျဖြစ်လာလိမ့်မည်ဟု မျှော်လင့်နေကြသည်။

**Mon**

0-0-0-0-0




## ဂျေရုဆလင်နေ့ အစ္စရေးအလံကိုင်ချီတက်ပွဲ၌ လူပေါင်းသိန်းနှင့်ချီ၍ ပါဝင်ဆင်နွှဲခဲ့ကြ

**ဂျေရုဆလင် ဇွန် ၆**

ဂျေရုဆလင်နေ့ အစ္စရေးအလံကိုင်ချီတက်ပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း ဇွန် ၅ ရက်က ကျင်းပရာ လူပေါင်း သိန်းနှင့်ချီ၍ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၉၆၇ စစ်ပွဲ၌ ဂျေရုဆလင်မြို့အရှေ့ဘက်ခြမ်းကို သိမ်းပိုက်နိုင်ခဲ့သောအောင်ပွဲ အထိမ်းအမှတ်အဖြစ် အစ္စရေးနိုင်ငံသားများက နိုင်ငံတော်အလံများ ကိုင်ဆောင်လွှင့်ထူပြီး ချီတက်ခဲ့ကြခြင်း ဖြစ်သည်။

အစ္စရေးမျိုးချစ်ဝါဒီ အမျိုးသားလုံခြုံရေးဝန်ကြီး အီတာမာဘင်ဂဗာ ယခုနှစ်ချီတက်ပွဲတွင် ပါဝင်ခဲ့သည်။

ဂျေရုဆလင်နေ့ အလံကိုင်ချီတက်ပွဲဆိုင်ရာ အခမ်းအနားတစ်ခုတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုက မိန့်ခွန်းပြောသည်။

အစ္စရေးသည် လွန်ခဲ့သော ၅၇ နှစ်ကအတိုင်း ရန်သူများ အဝိုင်းခံထားရဆဲပင်ဖြစ်ရာ တောင်ဘက်တွင် ဟားမတ်စ်၊ မြောက်ဘက်တွင် ဟစ်ဇဘိုလာ၊ အရှေ့ဘက်တွင် အီရန်တို့ဖြစ်ကြောင်း ၎င်းက ထိုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## လုပ်ကြံခံရမှုမှ လွတ်မြောက်လာသော ရောဘတ်ဖီကို မိန့်ခွန်းဗီဒီယိုဖိုင်အား အင်တာနက်ပေါ်သို့ လွှင့်တင်

**ဘရာစတစ်လာဗာ ဇွန် ၆**

ယခင်လကဖြစ်ပွားသည့် သေနတ်ဖြင့်ပစ်ခတ်ပြီး လုပ်ကြံခံရမှုမှ အသက်မသေဘဲလွတ်မြောက်လာသော ဆလိုဗေးကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုသည် ဇွန် ၅ ရက်က ၎င်း၏ မိန့်ခွန်းဗီဒီယိုဖိုင်အား အင်တာနက်ပေါ်သို့ လွှင့်တင်ခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

မိမိအနေဖြင့် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့သော အသက် ၇၁ နှစ်အရွယ် ဂျူရတ်စီကို ခွင့်လွှတ်သည်ဟု ထိုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ဝန်ကြီးချုပ်ဖီကို ကျန်းမာရေးကောင်းမွန်လာပြီဖြစ်သဖြင့် ဇွန်လကုန်နှင့် ဇူလိုင်လဆန်းပိုင်းတွင် တာဝန်ပြန်လည်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ဆူနီဝီလျံစ်နှင့် ဘွတ်ချ်ဝီမိုးတို့ နှစ်ဦး အာကာသစခန်းသို့ ဘေးကင်းစွာရောက်ရှိ

**ဝါရှင်တန် ဇွန် ၆**

အမေရိကန်အာကာသယာဉ်မှူးများဖြစ်သော ဆူနီဝီလျံစ်နှင့် ဘွတ်ချ်ဝီမိုးတို့နှစ်ဦး ဇွန် ၆ ရက်တွင် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ ဘေးကင်းစွာ ရောက်ရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘိုးရင်းကုမ္ပဏီက ထုတ်လုပ်ခဲ့သည့် စတားလိုင်နာ အာကာသယာဉ်က ၎င်းတို့နှစ်ဦးကို ထိုအာကာသစခန်းသို့ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အာကာသယာဉ်မှူးနှစ်ဦး စီးနင်းလိုက်ပါရန် စတားလိုင်နာ အာကာသယာဉ်ထဲ၌ အသင့်ရှိနေစဉ် ဇွန် ၅ ရက် ညပိုင်းက အိပ်ပျော်တော့မည့်အခိုက် အတန့်၌ ခရီးစဉ်စတင်တော့မည် ဆိုသဖြင့် ပြန်နိုးလာခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ကိပ်ကာနာဗေရယ်လ် အာကာသစခန်းမှ လွှတ်တင်လိုက်သော အက်တလက်စ်ဗီဒွိုးပျံက စတားလိုင်နာ အာကာသယာဉ်ကို တင်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

ထိုအာကာသယာဉ်မှူး နှစ်ဦးကို အပြည်ပြည်ဆိုင်ရာအာကာသစခန်းမှ အာကာသယာဉ်မှူး ၇ ဦးတို့က ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **Mon**







## မီးဘေးသင့်ပြည်သူများကို ထောက်ပံ့

**မန္တလေး ဇွန် ၆**

မန္တလေး ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၃၂လမ်းနှင့်၃၃လမ်းကြား၊ ၈၁လမ်းနှင့်၈၂လမ်းကြားတွင် မေ ၃၁ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုမှ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီက မြို့လယ်ဆူးခါးကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးခိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်တို့က ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းပြောကြားခဲ့ပြီး မီးဘေးသင့် အိမ်ထောင်စု(၃)စုမှ အဆောက်အအုံပျက်စီးဆုံးရှုံးသည့် အိမ်ပိုင်ရှင်၊ အဆောက်အအုံ တစ်စိတ်တစ်ပိုင်းဆုံးရှုံးခဲ့သည့် အိမ်ပိုင်ရှင်နှင့် အိမ်ငှားတို့အား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းပုံး၊ ဆန်ရိက္ခာငွေတို့အားလည်းကောင်း၊ သေဆုံးခဲ့သည့် အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦးတို့အား တစ်ဦးလျှင် ထောက်ပံ့ငွေ သုံးသိန်းစီ၊ ဒဏ်ရာရရှိခဲ့သည့် အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦးတို့အား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ငါးသောင်းစီနှင့် ဆန်ရိက္ခာငွေများအား လည်းကောင်း ထောက်ပံပေးအပ်ခဲ့ကြောင်းနှင့် ထောက်ပံပေးအပ်မှုစုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၂၂၉၄၁၀၀ ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၇၂)



## ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေသည် သုံးရက်အတွင်း ၁၆ ပေခွဲအထိမြင့်တက်ခဲ့

**ညောင်ဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ထူးခြားမြစ်ရေအခြေအနေကြောင့် ဧရာဝတီမြစ်ရေအခြေအနေသည် ညောင်ဦးမြို့တွင် ဇွန် ၂ ရက်မှ ဇွန် ၄ ရက်အထိ ၃ ရက်အတွင်း ၅၀၅ စင်တီမီတာ(၁၆ ပေခွဲမြင့်တက်ခဲ့)ကြောင်း ညောင်ဦးမြို့နယ် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လှနွေးထံက သိရသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ၂၀၂၄ ခုနှစ် မေ ၂၉ ရက် ၁၀နာရီခွဲ အချိန်တိုင်းထွာချက်အရ ယင်းမြို့တွင် ၆၄၉ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ၄၈ နာရီအတွင်း ၁၃ ပေခန့် မြင့်တက်ခဲ့သည်။ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောကြောင့် ဧရာဝတီမြစ်အောက်ပိုင်းမြို့များ ထူးခြားမြစ်ရေအခြေအနေမြင့်တက်ခဲ့ကာ ညောင်ဦးမြို့တွင် ဇွန် ၂ ရက်မှ ဇွန် ၄ ရက်နေ့အထိ ၃ ရက်အတွင်း ၅၀၅ စင်တီမီတာ၊ ၁၆ ပေခွဲမြင့်တက်ခဲ့ပြီး ဇွန် ၆ ရက်၊ နံနက် ၆နာရီခွဲအချိန် ဧရာဝတီမြစ်ရေတိုင်းထွာချက်အရ မြစ်ရေအမှတ် ၁၇၆၉ စင်တီမီတာ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ ရောက်ရှိရန် ၃၅၁ စင်တီမီတာလိုသေးကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၁)



## မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုရှင်းလင်းဆွေးနွေး

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် မန္တလေးခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ကြီးကြပ်မှုကော်မတီများတွေ့ဆုံပွဲကို ဇွန် ၅ရက် နံနက် ၁၀နာရီက ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်းနှင့်၈၁လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက မီးဘေးကြိုတင်ကာကွယ်ရေးနှင့်မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်မှု၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်များအား ချပြရှင်းလင်းခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးသည် မွန်းလွဲ ၁နာရီတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအစည်းအဝေးခန်းမတွင် မန္တလေးခရိုင်နှင့် ခုနစ်မြို့နယ် မီးသတ်ဦးစီးမှူးများ၊ ငွေစာရင်းဌာန၊ အင်ဂျင်နီယာအဖွဲ့များနှင့်တွေ့ဆုံ၍ ဦး၊ ရေး၊ ထောက် လုပ်ငန်းများညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
(၀၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇွန် ၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅မိနစ်က သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ထက်မင်းလတ်(ခ)ကိုထက် မောင်းနှင်ပြီး မသီရိဝင်း(ခ)ဖြူတုတ် လိုက်ပါလာသည့် MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇွန် ၃ ရက် ညနေ ၄ နာရီ မိနစ် ၅၀က အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ကောင်းမြတ်ဟိန်း(ခ)ညီဖုန်းအား ပြည်မြို့၊ နဝဒေးရပ်ကွက်၊ မြို့ရှောင်လမ်းတွင် မော်တော်ဆိုင်ကယ် တစ်စီးနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အားလည်းကောင်း၊ ညနေ ၅ နာရီ မိနစ် ၂၀ က ဦးကံသာ(ခ)ကျော်ကျော်နိုင်အား ပြည်မြို့၊ ဆင်စုရပ်ကွက်၊ စိန်တောင်ကြားလမ်းရှိ ဟိုတယ်တွင် လက်ကိုင်ဖုန်း နှစ်လုံးနှင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ထက်မင်းလတ်(ခ)ကိုထက် (၃၃)နှစ်၊ မသီရိဝင်း(ခ)ဖြူတုတ် (၂၆)နှစ်၊ ကောင်းမြတ်ဟိန်း(ခ)ညီဖုန်း (၂၈)နှစ်နှင့် ဦးကံသာ(ခ)ကျော်ကျော်နိုင် (၄၀)နှစ်တို့အား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၄ ရက် ညနေ ၅ နာရီခွဲက တာချီလိတ်မြို့နယ်၊ ဖန်မင်-ကော့မကိန်ကျေးရွာသွားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ အားလောင်ကို စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅နာရီ မိနစ် ၅၀တွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချသူ အားကို့ အား တာချီလိတ်မြို့နယ်၊ ကော့မကိန်ကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ ပြားနှင့်အတူ ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် အားလောင် (၂၃)နှစ်နှင့် အားကို့(၄၈)နှစ်တို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုများရေးဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ချောင်းရေအတွင်း ရေကူးရာမှ မျောပါသေဆုံး

**ကျောက်ပန်းတောင်း ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးနယ်မြေအတွင်း ဇွန် ၄ ရက် ည ၇နာရီ ၃၅မိနစ်ခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေကြောင့် ဆည်ပေါက်ချောင်းရေလမ်းမပေါ် ရေကျော်မှုဖြစ်ပွားပြီး လူငယ်တစ်ဦး ရေကူးရာမှ မျောပါသွားကြောင်း သတင်းအရ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေး ရေယာဉ် တစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ည ၈နာရီတွင် လူငယ်အား သေဆုံးလျက်တွေ့ရပြီး သုဂတိရှင်လူမှုရေးအသင်းယာဉ်ဖြင့် ကျောက်ပန်းတောင်းဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)
(၀၄၅)



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ ကြီးမြန်သစ်ပင် ရှင်အောင်စိုက်ကြစို့

တင်ထက်ထက်ဇော်

ယခုနှစ် နွေရာသီကာလတွင် ပူပြင်းခြောက်သွေ့မှုကို တစ်နိုင်ငံလုံး သိသိသာသာ ခံစားကြရသည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ချောက်မြို့အပါအဝင် အချို့သောမြို့များသည် ကမ္ဘာ့အပူပြင်းဆုံး မြို့ကြီးများစာရင်း၌ ရက်ပေါင်းများစွာ ပါဝင်ခဲ့သည်။ ပြင်းထန်သော အပူဒဏ်ကြောင့် ဒေသအချို့တွင် လူသေဆုံးမှုများပင် ဖြစ်ပေါ်ခဲ့ရသည်။ ဒေသအနှံ့အပြားတွင် ရေရှားပါးမှု၊ ရေတွင်းရေကန် ခန်းခြောက်မှုများနှင့် ကြုံတွေ့ကြရသည်။ ဤဖြစ်စဉ်များက အများပြည်သူတို့အား သစ်ပင်များများ စိုက်ပျိုးသင့်ကြောင်းနှင့် သစ်ပင်ခုတ်လှဲထားသောနေရာများတွင် ကြီးမြန်သစ်ပင်များ အစားထိုးပြန်လည် စိုက်ပျိုးသင့်ကြောင်း နှိုးဆော်နေသည်ကို သတိထားမိသူနှင့် တွေးဆတတ်သူမှသာ သိမြင်နိုင်ပါလိမ့်မည်။

မြန်မာနိုင်ငံသည်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ သစ်တောပြုန်းတီးမှုကို အပြင်းအထန်ခံစားနေရသည့် နိုင်ငံဖြစ်သည်။ စီးပွားဖြစ်တရားမဝင် သစ်ခုတ်မှု၊ သယံဇာတတူးဖော်မှု၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု၊ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းအတွက် ထင်းလောင်စာ လိုအပ်မှု၊ အိမ်ရာဆောက်လုပ်ရန် လိုအပ်မှု၊ လမ်းများဖောက်လုပ်မှု၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသဖြင့် ခုတ်ထွင်ရှင်းလင်းမှုတို့ကြောင့် သစ်ပင်၊ သစ်တောများ နေ့စဉ်နှင့်အမျှ ပြုန်းတီးနေရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ မှတ်တမ်းများအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ဧရိယာသည် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိခဲ့ကြောင်းနှင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ်ပျမ်းမျှ သစ်တောပြုန်းတီးမှုသည် နိုင်ငံဧရိယာ၏ ၀ ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး နှစ်စဉ်ပျမ်းမျှဧက ခုနစ်သိန်းကျော် ပြုန်းတီးနေကြောင်း သိရသည်။ ထို့ကြောင့် ယနေ့ကာလတွင် နိုင်ငံအနှံ့ သစ်ပင်စိုက်ပျိုးခြင်းကို ဂရုတစိုက်မလုပ်ဆောင်နိုင်ပါက ရေရှည်တွင် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ၏ ရိုက်ခတ်မှုကို မလွဲမသွေရင်ဆိုင်ကြရမည်သာ ဖြစ်သည်။

**မိုးဦးကျတော့မည် သစ်ပင်စိုက်ကြမည်**

နှစ်စဉ် မေလကုန် ဇွန်လဆန်းတွင် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများသို့ မုတ်သုန်လေ စတင်ဝင်ရောက်လေ့ရှိသည်။ မုတ်သုန်လေနှင့်အတူ မိုးလည်းပါလာသည်။ ထို့ကြောင့် မိုးဦးကာလတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး မပျက်မကွက် ပြုလုပ်သင့်သော အမျိုးသားရေးတာဝန်တစ်ရပ်ရှိပါသည်။ ၎င်းမှာ သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးခြင်းပင် ဖြစ်သည်။ ယခုနှစ် ၂၀၂၄ ခုနှစ် မိုးရာသီတွင်လည်း သစ်ပင်ပေါင်း ၂၂ သန်းကျော် စိုက်ပျိုးရန် သက်ဆိုင်ရာက လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် သစ်ပင်စိုက်ပျိုးရန် အကောင်းဆုံးဖြစ်သော မိုးတွင်းကာလ ဇွန်၊ ဇူလိုင်လများ၌ နှစ်စဉ် သစ်ပင်သိန်းပေါင်းများစွာ စိုက်ပျိုးလျက်ရှိသည်။ သို့ရာတွင် စိုက်ပျိုးခဲ့သော အပင်များ ဆက်လက်ရှင်သန်ရေး၊ ထိန်းသိမ်းရေး၊ လုပ်ငန်းများအပေါ် အာရုံစိုက်မှု အားနည်းခြင်း၊ စိုက်ပျိုးစဉ်ကပင် နည်းစနစ်မှန်ကန်စွာ မစိုက်ခဲ့ခြင်းနှင့် ရန်သူမျိုးငါးပါးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် အပင်အရေအတွက် အများစုမှာ ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြရသည်။

စိုက်သမျှသစ်ပင်များအားလုံး ရှင်သန်စေရန်အတွက်ကလည်း ဒေသနှင့်ကိုက်ညီသော အပင်များကို ရွေးချယ်တတ်ဖို့ လိုပါသည်။ ထို့ကြောင့် ဒေသနှင့်ကိုက်ညီသော အပွင့်လည်းရသည့် ကြီးမြန်သစ်ပင်များကို အောက်ပါအတိုင်း ရွေးချယ်စိုက်ပျိုးသင့်ပါသည်။

ပျဉ်းမပင်၊ ပိတောက်ပင်နှင့်ကံ့ကော်ပင်တို့ကို အလွန်အေးသောဒေသများမှအပ မြန်မာနိုင်ငံအနှံ့အပြား စိုက်ပျိုးသင့်သည်။ ငုဝါပင်၊ မဲဇလီပင်၊ တမာပင်၊ မန်ကျည်းပင်နှင့် ထနောင်းပင်တို့က အပူပိုင်းဒေသနှင့် အထူးသင့်လျော်သည်။အထူးသဖြင့် ကျွန်းပင်နှင့်စိန်တလုံးသရက်ပင်တို့သည် မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ ၎င်းအပင်တို့ကို ဦးစားပေးသင့်သည်။

**စိုက်ပျိုးသစ်ပင် အောင်မြင်လိုလျှင်**

မိုးဖြိုင်ဖြိုင်ကျသည်နှင့် သစ်ပင်စတင်စိုက်ပျိုးသင့်ပါသည်။ ဇွန်လဆန်းတွင် စိုက်ပျိုးထားသည့် အပင်များအနက် ၇၅ ရာခိုင်နှုန်းခန့်သည် ရှင်သန်ဖြစ်ထွန်းလေ့ရှိသည်။ ပျိုးပင်များကို သစ်ပင်စိုက်ပျိုးမည့်နေရာရောက်မှသာ ပျိုးပေါင်မှ နုတ်ယူသင့်သည်။ ပျိုးပင်များကို နေအေးသည့်အချိန်နှင့် နံနက်စောစောအချိန်များတွင်သာ နုတ်ယူသင့်ပါသည်။ တစ်ရက်ကြိုတင်၍ နုတ်ထားမည်ဆိုလျှင် ရှင်သန်ရန်အခွင့်အလမ်း လွန်စွာနည်းပါးသည်။ ပျိုးအိတ်ဖြင့် ပျိုးထောင်သောအပင်များကိုမူ ညနေပိုင်းလောက်ကတည်းက စိုက်ပျိုးမည့် ကျင်းများဘေးတွင် ကြိုတင်ချထားနိုင်ပါသည်။ အရေးကြီးဆုံးအချက်သည် ပျိုးပင်များ သယ်ယူရာတွင် အထူးဂရုစိုက်ဖို့လိုသည်။ ပျိုးပင်များကို ကြမ်းကြမ်းတမ်းတမ်းကိုင်ခြင်း၊ ကားပေါ်သို့ ဖြစ်သလိုပစ်တင်ခြင်း၊ ကားပေါ်မှ ဖြစ်သလိုပစ်ချခြင်း လုပ်မည်ဆိုလျှင် ပျိုးပင်များနာသွားကာ စိုက်ပျိုးရေး အောင်မြင်နှုန်းကျသွားမည်။

အထူးသဖြင့် သစ်ပင်များကို စတင်စိုက်ပျိုးကတည်းက ပျိုးအိတ်များကို ဓားနှင့်စနစ်တကျခွဲပြီး မြေကျင်းထဲထည့်ကာ မြေကို သိပ်အောင်ဖို့ပြီး စိုက်ခဲ့သင့်သည်။ မြေကျင်းကိုလည်း စနစ်တကျဖို့ရန်လိုအပ်သည်။ အထူးသဖြင့် ကျင်းထဲတွင် ရေများဝပ်နေပါက ခပ်ထုတ်ပစ်ရန် လိုအပ်သည်။ ပျိုးပင်များကို ရေဗွက်ထဲ၌ပင် ဖြစ်သလိုစိုက်ထားခဲ့မည်ဆိုလျှင် ထိုအပင်မျိုးသည် ရှင်သန်ဖြစ်ထွန်းရန် အခွင့်အလမ်း နည်းပါးသည်။

**သစ်တောသစ်ပင်မှရနိုင်သည့် အကျိုးကျေးဇူးအမျိုးမျိုး**

ဤကမ္ဘာမြေပေါ်တွင် သစ်ပင်မရှိလျှင် သက်ရှိအားလုံး ပျောက်ကွယ်သွားမည် ဖြစ်သည်။ သစ်ပင်များသည် လူသားတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်၊ အနံ့အသက်ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊ အမှုန်အမွှားများကို စုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးသည်။ထို့ပြင် ပင်စည်နှင့် အမြစ်များသည် မိုးရေကို စုပ်ယူထားသဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် မိုးရေများကို မြစ်ချောင်းအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။ ထို့ကြောင့် သစ်ပင်သစ်တောပေါများသော ဒေသရှိပြည်သူများသည် မျှတသည့်ရာသီဥတုကိုသာ ကြုံတွေ့ခံစားကြရသည်။

ထို့မျှမက သစ်ပင်သစ်တောများသည် ရာသီဥတုပြောင်းလဲမှုကို အန်တုနိုင်သကဲ့သို့ လေထုညစ်ညမ်းမှုကိုလည်း သန့်စင်ပေးနိုင်ပါသည်။ တစ်ဧကခန့် အကျယ်အဝန်းရှိ အပင်များသည် လူ ၁၈ ဦးအတွက် လုံလောက်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးသည်။ စိမ်းစိုသော သစ်ပင်၊ သစ်တောများသည် လူအများ၏ စိတ်နှလုံးကို အေးချမ်းစေသကဲ့သို့ မြေလွှာတိုက်စားခံရခြင်းမှ ကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းသည် လတ်တလော အကျိုးကျေးဇူးများအပြင် အနာဂတ်မျိုးဆက်သစ်များအတွက်ကိုလည်း များစွာသော အကျိုးတရားများကို ရရှိစေပါသည်။

သစ်ပင်များမှ လက်တွေ့ရရှိသော အကျိုးကျေးဇူးမြောက်မြားစွာရှိပါသည်။ ၎င်းတို့မှာ -

အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ကာကွယ်နိုင်ခြင်း၊ လေထုကို သန့်စင်ပေးနိုင်ခြင်း၊ အောက်ဆီဂျင်ထုတ်လွှတ်ပေးခြင်း၊ စွမ်းအင်ထိန်းသိမ်းနိုင်ခြင်း၊ ပတ်ဝန်းကျင်ကို အေးမြစေခြင်း၊ ရေထုညစ်ညမ်းမှုကို ကာကွယ်ခြင်း၊ ရေအရင်းအမြစ်ကို ထိန်းထားနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ခြင်း၊ စီးပွားရေးအခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ခြင်း၊ စားနပ်ရိက္ခာ ဖန်တီးပေးခြင်း၊ ဆူညံသံများကို လျှော့ချပေးနိုင်ခြင်း၊ ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ လောင်စာနှင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်နိုင်ခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါသည်။ ထို့ကြောင့် သစ်ပင်၊ သစ်တောများ၏ အကျိုးကျေးဇူးမှာ အံ့ချီးဖွယ် မကုန်အောင်ပင် ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှတစ်ပါး အခြားမရှိ**

အလျဉ်းသင့်၍ ဤဆောင်းပါး ခေါင်းစဉ်အောက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အရေးပါပုံကို အနည်းငယ်မျှ အကြံပြုလိုပါသည်။ အဘယ်ကြောင့်ဆိုသော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အရေးပါသော အချက်အလက်တွင် မိမိတို့ ပတ်ဝန်းကျင်၌ သစ်တော၊ သစ်ပင်များများ ဖန်တီးပေးခြင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။

အမေရိကန် သဘာဝပတ်ဝန်းကျင် စောင့်ရှောက်ရေးပညာရှင် ဘီမက်ဂစ်စဗင်က "ရာသီဥတုပြောင်းလဲခြင်းကို နှစ်ပေါင်း ထောင်ချီကြာမှ ဖြစ်လိမ့်မယ်လို့ လူတွေက ထင်ခဲ့ကြတယ်။ တကယ်တော့ ခင်ဗျားတို့၊ ကျွန်တော်တို့ သက်ရှိထင်ရှားရှိနေစဉ်မှာပဲ ရာသီဥတုက ပြောင်းလဲပျက်စီးနေတာ" ဟု ဆိုပါသည်။

မိမိတို့နေထိုင်ရာ လူ့အဖွဲ့အစည်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အထူးပင် အလေးထားဆောင်ရွက်ကြခြင်းမှာ နေထိုင်ရာ ကမ္ဘာမြေကြီး ပျက်စီးယိုယွင်းမှု လျင်မြန်လာနေခြင်းကြောင့် ဖြစ်သည်။ ကမ္ဘာကြီး ပူနွေးလာခြင်း၊ သစ်တော၊သစ်ပင်ပြုန်းတီးခြင်း၊ မြေဆီလွှာအရည်အသွေးများ နိမ့်ကျလာခြင်း၊ လေထုညစ်ညမ်းမှု မြင့်တက်လာခြင်း၊ အက်စစ်မိုးများ ရွာသွန်းခြင်း၊ ဇီဝမျိုးစုံပျက်စီးပျောက်ကွယ်လုနီးခြင်း၊ စည်းကမ်းမဲ့အမှိုက်သရိုက်များ စွန့်ပစ်ခြင်းကြောင့် ရေနေ၊ ကုန်းနေသတ္တဝါများ အသက်အန္တရာယ်ဖြစ်ခြင်းများမှာ ကမ္ဘာပေါ်ရှိ သက်ရှိလူသားအားလုံး၏ ရေရှည်ရှင်သန် တည်တံ့ခိုင်မြဲရေးကို ထိပါးလာနေကြသည်။

ထို့ကြောင့် တစ်ဦးတစ်ယောက်မှသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် အမှိုက်များ စနစ်တကျခွဲ၍ စွန့်ပစ်ခြင်း၊ သစ်ပင်များ စိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၏ အခြေခံနည်းဥပဒေသဖြစ်သည့် Reduce, Reuse, Recycle (R)သုံးလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် ပစ္စည်းများ လျှော့ချအသုံးပြုခြင်း၊ ယင်းပစ္စည်းများကို စွန့်ပစ်ခြင်းနှင့် အသုံးပြု၍ရသည့်ပစ္စည်းကို ပြန်လည်အသုံးပြုရန် လိုအပ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ သဘာဝသယံဇာတအရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျမစွန့်ပစ်မှု၊ ရုပ်ကြွင်းလောင်စာကို ပိုမိုအသုံးပြုလာမှု၊ စက်ရုံအလုပ်ရုံများနှင့် ယာဉ်အန္တရာယ်များမှ အခိုးအငွေ့များ စွန့်ထုတ်မှုတို့ကြောင့် ကမ္ဘာ့ရေထု၊ မြေထုနှင့်လေထုများ အားလုံးညစ်ညမ်းလျက်ရှိသည်။ နေရာအနှံ့အပြားတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် မုန်တိုင်းများကဲ့သို့ ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကို ကြုံတွေ့နေကြရသည်။

သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာတစ်ဝန်းရှိ လူသားတို့၏ ကျန်းမာရေး၊ စားနပ်ရိက္ခာ၊ စွမ်းအင်၊ ရေအရင်းအမြစ် လုံခြုံမှုနှင့် အခြေခံအဆောက်အအုံများကို ပြင်းထန်စွာ ထိခိုက်ပျက်စီးစေခဲ့သည်။ ယင်းဖြစ်ရပ်တို့က လူသားများအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုလျှော့ချရေးကို အလေးထားလုပ်ဆောင်ရန် လိုအပ်နေသော ဖော်ညွှန်းမှု ဖြစ်သည်။ သို့ရာတွင် အဆိုပါရလဒ်များ အားလုံးသည် သူ့အလိုလိုဖြစ်လာခြင်း မဟုတ်ပေ။ လူသားများ၏ မတော်လောဘနှင့် လွန်ကဲသည့် အတ္တများကြောင့် ဖြစ်သည်။ ၎င်းတို့၏ ဉာဏ်အမြော်အမြင် ခေါင်းပါးမှု၊ မိုက်မဲမှု၊ မိမိနိုင်ငံ၏ တောတောင်ရေမြေကို အနာတရဖြစ်အောင် လုပ်ဆောင်နေမှုတို့ကြောင့် ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကို ယခုထက်ပိုမို မဆိုးရွားလာစေရေးအတွက် ခုခံကာကွယ်ရန်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးမှတစ်ပါး အခြားမရှိပေ။ ကုလသမဂ္ဂအနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ အရင်းအမြစ်ဖြစ်သော ကမ္ဘာကြီးပူနွေးလာမှု လျှော့ချနိုင်ရေးကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်နေသော်လည်း ဖွံ့ဖြိုးပြီး နိုင်ငံအချို့၏ စီးပွားရေးလောဘကြောင့် အောင်မြင်မှုရရှိရန် အလှမ်းဝေးနေဆဲဖြစ်သည်။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့အနေဖြင့် မိမိတို့နိုင်ငံ စီးပွားတိုးတက်ရေးကို ဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဆက်လက်ပျက်ကွက်နေပါက ယခုထက် ပိုမိုပြင်းထန်သော သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြရမည် ဖြစ်သည်။ ကမ္ဘာမြေတည်တံ့ရှင်သန်ရေးကို အလေးထားဂရုမပြုကြပါက နောင်တစ်ချိန်တွင် အလုံးစုံပျက်စီးခြင်းနှင့် မလွဲမသွေ ရင်ဆိုင်ရမည်သာ ဖြစ်သည်။

အနီးစပ်ဆုံး သာဓကကိုပြရလျှင် ပြန်လည်အသုံးပြုသော သတင်းစာတစ်တန်သည် သစ်ပင် ၁၇ ပင် ဆုံးရှုံးမှုကို ကာကွယ်နိုင်သဖြင့် သတင်းစာဟောင်းများနှင့် မဂ္ဂဇင်းဟောင်းများသည်လည်း ပြန်လည်အသုံးပြုရန် အသင့်တော်ဆုံးပစ္စည်းများ ဖြစ်ပါသည်။

**အတုယူသင့်သော ကမ္ဘောဒီးယားနိုင်ငံ**

မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ပလတ်စတစ်အိတ် ၂၁ ဒသမ ၅ တန်ခန့် တင်သွင်းခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၈၄ ဒသမ ၈ တန် (၇၄ ဒသမ ၆ ရာခိုင်နှုန်း)ကျဆင်းခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည့် ပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှုကြောင့် ယခုကဲ့သို့ ပလတ်စတစ်တင်သွင်းမှု သိသိသာသာ ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားမှုသည် နိုင်ငံသား ၇ ဒသမ ၆ သန်း၏ ထောက်ခံအားပေးမှုကို ရရှိခဲ့ကြောင်းနှင့် ပလတ်စတစ်ကင်းစင်ရေး ထောက်ခံသူများသည် တစ်ပတ်လျှင် အနည်းဆုံးတစ်ရက် ပလတ်စတစ်အိတ်များ အသုံးမပြုရေး ဆောင်ရွက်နေပြီး ၎င်းတို့၏ ဆောင်ရွက်ချက်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် သန့်ရှင်းစိမ်းလန်းသော ကမ္ဘောဒီးယားနိုင်ငံကို တည်ထောင်ရာတွင် ကူညီခြင်းဖြစ်ကြောင်း ယင်းနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံအတွင်း ၆၀ ရာခိုင်နှုန်း သစ်တောဖုံးလွှမ်းရေးနှင့် ကာဗွန်ကင်းစင်ရေး ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ပြည်သူများအား သစ်ပင်များ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

အချုပ်ဆိုရလျှင် ကမ္ဘာမြေပေါ်ရှိ လူများ၊ သတ္တဝါများနှင့် အပင်များအားလုံးသည် တစ်ခုနှင့်တစ်ခု ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အပြန်အလှန် အမှီသဟဲပြုနေကြသည်ဖြစ်ရာ လူဦးရေသန်းပေါင်း ၈၀၀၀ နီးပါး အပါအဝင် သက်ရှိသတ္တဝါအားလုံးရေရှည် ရပ်တည်နိုင်ရန်မှာ သစ်တော၊သစ်ပင် ဇီဝမျိုးစုံမျိုးကွဲများကလည်း အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်နေပါသည်။ သစ်ပင်တစ်ပင်ခုတ်လှဲရန် မိနစ်ပိုင်းမျှပင် မကြာမြင့်သော်လည်း အရွယ်ရောက်သည့် သစ်ပင်တစ်ပင် ဖြစ်လာရန်မှာ နှစ်ပေါင်းများစွာ စောင့်ဆိုင်းကြရသည်။ သို့ဖြစ်၍ သစ်ပင်တစ်ပင်ခုတ်လှဲရန်အတွက် အလွယ်တကူမဆုံးဖြတ်သင့်သကဲ့သို့ ခုတ်လှဲပြီး သစ်ပင်များနေရာတွင် မည်သို့အစားထိုးစိုက်ပျိုးမည်ဆိုသည့် အချက်ကိုပါ ထည့်သွင်းစဉ်းစားသင့်ပေသည်။

အပူဒဏ်ကို ပြင်းစွာခံစားနေရသည့် အညာဒေသဖြစ်သော မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့အနီးတွင် လာမည့်နှစ်နှစ်ခန့်တွင် လူလုပ်တောအုပ်ငယ်တစ်ခု ပေါ်ပေါက်လာဖွယ်ရှိကြောင်း၊ အဆိုပါသစ်တောငယ်တွင် ရေကန်လည်းပါမည်ဖြစ်ပြီး သစ်ပင်အပင်ရေ ၁၀၀၀၀ ခန့် ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ကာ မူလရှိပြီး သစ်ပင်များကိုလည်း မခုတ်ကြောင်း၊ စိုက်ပျိုးသွားမည့် အရိပ်ရအပင်များမှာ ကုက္ကိုလ်ပင်၊ တမာပင်၊ ဖျောက်ဆိပ်ပင်နှင့် သောင်ခြေထောက်ပင်များဖြစ်ကြောင်း သိရသည့်အတွက် လွန်စွာပီတိ ဖြစ်ရပါသည်။ ထို့ပြင် ပြင်ဦးလွင်တွင်လည်း လာမည့်မိုးရာသီ၌ မျိုးစေ့နှစ်သိန်း စိုက်ပျိုးရန် စီစဉ်ထားကြောင်းသိရ၍ အားရမိပါသည်။

လူတိုင်း တစ်နှစ်မှာ သစ်ပင်တစ်ပင်ကို ရှင်သန်အောင်စိုက်လျှင် ကမ္ဘာကြီးမှာ သစ်ပင်နှစ်စဉ် သန်း ၈ ထောင် (၈ ဘီလီယံ)ဖြစ်လာနိုင်ကြောင်း ပညာရှင်များက တွက်ချက်ထားသည်။ သို့ပါ၍ ကမ္ဘာကြီးအတွက် ရည်စူးကာ ကောင်းမှုတစ်ခု ပြုလုပ်ပါ။ ၎င်းသည် သစ်ပင်စိုက်ခြင်း ဖြစ်ပါသည်။ သစ်ပင်ကိုစိုက်မှ အနာဂတ်တွင် အပူဒဏ်ကို တိုက်ထုတ်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြီးမြန်သစ်ပင် ရှင်အောင်စိုက်ကြစေချင်ပါကြောင်းနှင့် သစ်တော၊ သစ်ပင်ပြုန်းတီးမှုများ မရှိစေရေးအတွက်ကိုလည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## ပြင်သစ်အသင်းက လူဇင်ဘတ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ပါရီ ဇွန် ၆**

နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပြင်သစ်အသင်းနှင့် လူဇင်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက လူဇင်ဘတ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် ကိုလိုမူနီ၊ ပွဲချိန် ၇၀မိနစ်တွင် ဂျိုနသန်၊ ပွဲချိန် ၈၅မိနစ်တွင် ဘာပေတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပြင်သစ်အသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၀ ရက်တွင် ကနေဒါအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)




## နာပိုလီအသင်းနည်းပြ ကွန်တီအား ၂၀၂၇ခုနှစ်ထိ စာချုပ်ချုပ်ဆိုကာ နည်းပြသစ်အဖြစ် ခန့်အပ်

**တူရင် ဇွန် ၆**



နာပိုလီအသင်းသည် နည်းပြ ကွန်တီအား ၂၀၂၇ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝ သက်တမ်းတစ်လျှောက်တွင် စပါး၊ အင်တာမီလန်၊ ချဲလ်ဆီး၊ ဂျူဗင်တပ် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် နာပိုလီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၄)နှစ်အရွယ်ရှိ နည်းပြ ကွန်တီက ကျွန်တော် အခုလို နာပိုလီအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာလည်း သိမ်းပိုက်ရယူသွားလိုပါတယ်။ ကျွန်တော်ကို ယုံကြည်စွာတာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ် ဟု ပြောသည်။

(အပေါ်ပုံ)(NGB)




## ၂၀၂၄ ဥရောပ ယူ ၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုအား အီတလီအသင်းဆွတ်ခူး

**တူရင် ဇွန် ၆**

၂၀၂၄ ဥရောပ ယူ -၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီတလီအသင်းက ပေါ်တူဂီအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အီတလီအသင်းအတွက် အဖိုးတန် သွင်းဂိုး ၃ဂိုးကို ပွဲချိန် ၇မိနစ်တွင် ဖက်ဒရီကို၊ ပွဲချိန် ၁၆ မိနစ်နှင့် ၅၀ မိနစ်တွင် ကာမာဒါတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အီတလီအသင်းထုတ်ပြန်ချက်တွင် အခုလို ၂၀၂၄ ဥရောပ ယူ ၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အခုလို အသင်းအား ချန်ပီယံဆု ရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူး တင်ပါတယ် ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)(NGB)

## ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလားပြိုင်ပွဲ အကောင်းဆုံးကစားသမားဆုကို မိုင်နူး ဆွတ်ခူး

**မန်ချက်စတာ ဇွန် ၆**

ဘောလုံးပရိသတ်များက မဲပေးရွေးချယ်သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလားပြိုင်ပွဲ အကောင်းဆုံး ကစားသမားဆုကို မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား မိုင်နူးက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းအား အင်္ဂလိပ်အက်ဖ်အေချန်ပီယံဆု ဆွတ်ခူးရရှိအောင် အကောင်းဆုံး ပံ့ပိုးကူညီနိုင်ခဲ့ခြင်းကြောင့် ယခုဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက် ၁၉နှစ် အရွယ်ရှိ မိုင်နူးက ကျွန်တော် အခုလို ပရိသတ်များ မဲပေးရွေးချယ်သည့် အင်္ဂလိပ်အက်ဖ်အေဖလား တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ ဟု ပြောသည်။ (ယာပုံ)(NGB)






## ဒီဘရိုင်း ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာပွဲ ၁၀၀ ပြည့်မြောက်

**လန်ဒန် ဇွန် ၆**

ဝါရင့် ကွင်းလယ်ကစားသမား ဒီဘရိုင်း ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာပွဲပေါင်း ၁၀၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံအသင်းက မွန်တီနီဂရိုးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို ပွဲပေါင်း ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၀မှ ၂၀၂၄ အထိ နိုင်ငံတကာပွဲ ၁၀၀ ကစားကာ ၂၇ ဂိုးထိ သွင်းယူထားသည်။

အသက် ၃၂ နှစ် အရွယ်ရှိ ဒီဘရိုင်းက ကျွန်တော် အခုလို လက်ရွေးစင်အသင်းနှင့် နိုင်ငံတကာပွဲ ၁၀၀ ပြည့်မြောက်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ လာမည့် ယူရို ၂၀၂၄ ပြိုင်ပွဲမှာလည်း အသင်းနှင့်အတူ ဆုဖလား ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ ဟု ပြောသည်။

(အပေါ်ဝဲပုံ)(NGB)

## မိုဒရစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**မက်ဒရစ် ဇွန် ၆**

ရီးရဲလ်မက်ဒရစ်အသင်း အသင်း ဝါရင့် ကွင်းလယ်ကစားသမား မိုဒရစ်အား ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၂-၂၀၁၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲခုံ ၅၃၄ ပွဲကစားကာ ၃၉ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ မိုဒရစ်က ကျွန်တော်အခုလိုအသင်းနဲ့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော်ရဲ့အိမ်ပါပဲ။ ကျွန်တော့်မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားတွေများစွာလည်း သိမ်းပိုက်ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ် ဟု ပြောသည်။(အပေါ်ဝဲပုံ)(NGB)

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၇-၆-၂၀၂၄ သောကြာနေ့ | ည၅း၃၀နာရီ | ကမ္ဘောဒီးယား - မွန်ဂိုလီးယား |
| ။ | ည၁၀း၀၀နာရီ | ချက် - မော်လ်တာ |
| ။ | ည၁၀း၃၀နာရီ | အာမေးနီးယား - ကာဇက်စတန် |
| ။ | ည၁၁း၃၀နာရီ | ဘီလာရုစ် - ရုရှား |
| ။ | ။ | အယ်လ်ဘေးနီးယား - အဇာဘိုင်ဂျန် |
| ၈-၆-၂၀၂၄ စနေနေ့ | နံနက်၀၀း၃၀နာရီ | ရိုမေးနီးယား - လက်ချ်တင်စတိန်း |
| ။ | နံနက်၀၁း၁၅နာရီ | စကော့တလန် - ဖင်လန် |
| ။ | ။ | အင်္ဂလန် - အိုက်စလန် |
| ။ | ။ | ပိုလန် - ယူကရိန်း |
| ။ | ။ | ဂျာမနီ - ဂရိ |
| ။ | နံနက်၀၇း၃၀နာရီ | ပီရူး - ပါရာဂွေး |

## 2024 French Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Iga Swiatek တက်ရောက်



**ပဲရစ် ဇွန် ၆**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2024 French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Marketa Vondrousova အား ၆-၀၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 French Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် အမေရိကန်တင်းနစ်မယ် Coco Gauff တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (ဝဲပုံ)(NGB)



## မန္တလေးပညာရေးဒီဂရီကောလိပ်တွင် သင်တန်းများ စတင်ဖွင့်လှစ်သင်ကြား

**မန္တလေး ဇွန် ၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပညာရေးဒီဂရီကောလိပ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းအသီးသီးကို ဇွန် ၃ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားသည်။

ထိုသို့ သင်တန်းများဖွင့်လှစ်ရာတွင် လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာသင်တန်း (PPTT)(၁၁/၂၀၂၄)သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၉၈ ဦး၊ လေးနှစ်သင် သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၈၈၆ ဦး တက်ရောက်ခဲ့ပြီး ကျောင်းအုပ်ကြီး ဒေါ်မိုးမို ကြည်နှင့် ဆရာ၊ ဆရာမများက သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၂)

## အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်မြင့်မားနေမှုကြောင့် ပို့ကုန်ပဲများ ဈေးမြင့်တက်နေ

အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်မြင့်မားနေမှုကြောင့် ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံမှာ ဆက်လက်ဈေးမြင့်တက်နေဆဲဖြစ်ကြောင်း ပဲကုန်သည်များထံက သိရသည်။

အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲဈေးက မြင့်တက်နေပြီး မြန်မာပြည်တွင်း၏ ပဲဈေးကိုစောင့်ကြည့်ကာ အမြင့်ဈေးနှင့် အရောင်းအဝယ်ဖြစ်နေကြောင်း ပဲနှမ်းဈေးကွက်မှ သိရသည်။

အိန္ဒိယတွင် ပဲစင်းငုံနီလည်း အထွက်နှုန်းကျဆင်းနေပြီး ဈေးနှုန်းမြင့်တက်လာမှုကြောင့် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ ဈေးမြင့်တက်နေကြောင်း အိန္ဒိယပဲကုန်သည်များက သုံးသပ်ထားသည်။

အိန္ဒိယ၏ ရာသီဥတုမမှန်မှုကြောင့် ပဲထုတ်လုပ်မှုမှ ၃၀ ရာခိုင်နှုန်းခန့် လျော့ကျနေကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး အိန္ဒိယရွေးကောက်ပွဲအပြီး ပဲဈေးများ ထပ်မံမြင့်တက်လာနိုင်ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

မြန်မာ-အိန္ဒိယ ကုန်သွယ်မှုတွင် ဒေါ်လာအစားရူပီး-ကျပ် တိုက်ရိုက်ပေးချေမှုများဖြင့် ဆောင်ရွက်နေပြီ ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် မြန်မာမတ်ပဲ တစ်တန်လျှင် ရူပီး ၉၂၂၅ ပေါက်ဈေးရှိနေပြီး ယခင်သီတင်းပတ်ထက် ရူပီး ၁၇၅ မြင့်တက်လာသည်။ ပဲစင်းငုံနီတစ်တန်လျှင် ရူပီး ၁၁၆၀၀ ရှိပြီး ယခင်သီတင်းပတ်ထက် ၂၂၅ ရူပီးဈေးမြင့်တက်ခဲ့သည်။

ပြည်တွင်းရန်ကုန်ဈေးကွက်မှာ မတ်ပဲတစ်တန်လျှင် ငွေကျပ် ၃၃၉၀၀၀၀ ပေါက်ဈေးရှိပြီး ယခင်သီတင်းပတ်ထက် ငွေကျပ် ၆၀၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ပဲစင်းငုံနီမှာ တစ်တန်လျှင် ငွေကျပ် ၄၄၅၀၀၀၀ ပေါက်ဈေးရှိပြီး ယခင် သီတင်းပတ်ထက် ငွေကျပ် ၉၀၀၀၀ ဈေးမြင့်တက်လာခဲ့သည်။

မတ်ပဲက ပြီးခဲ့သည့် ဧပြီလနှင့်နိုင်းယှဉ်လျှင် တစ်လအတွင်း တစ်တန်လျှင် ငွေကျပ် ၃ သိန်းကျော်ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံနီမှာ တစ်တန်လျှင် ငွေကျပ် ၅၀၀၀၀၀ နီးပါးဈေးမြင့်တက်ခဲ့သည်။

(အောက်ပုံ)

မြန်မာပို့ကုန်ပဲများမှာ သဘောတင်ကာလတွင် ကုန်သည်များ၏ ပဲဝယ်မှုအားကောင်းနေခြင်း ဖြစ်သည်။

**ရွှေမန်း**



## ပြင်ဦးလွင်မြို့နယ်တွင် ကြက်သွန်များ လှိုင်လှိုင်ထွက်ရှိ

**ပြင်ဦးလွင် ဇွန် ၆**


ရေမြေသဘာဝကောင်းမွန်ပြီး စိုက်ပျိုးမြေဆီလွှာများ ကောင်းမွန်သော ပြင်ဦးလွင်မြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ ကြက်သွန်စိုက်ခင်းများလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော်လည်း ကြက်သွန်များလှိုင်လှိုင်ထွက်ရှိနေ၍ ဈေးနှုန်းအကျဘက်တွင်သာရှိနေ၍ ဈေးကောင်းရရှိရန် ဒေသခံတောင်သူများ မျှော်လင့်နေကြောင်း ပြင်ဦးလွင်မြို့မှ ကြက်သွန်စိုက်တောင်သူတစ်ဦးထံက သိရသည်။

ဈေးကွက်တွင်လက်ကားဈေးအနေဖြင့် ကြက်သွန်အနီဥ အသေးအရွယ် တစ်ပိဿာ ငွေကျပ် ၂၀၀၀၊ အလတ်အရွယ် ငွေကျပ် ၂၅၀၀ နှင့် အကြီးအရွယ် ငွေကျပ် ၃၀၀၀၊ ကြက်သွန်အဖြူ ရှမ်းကြက်သွန်ဖြူအသေး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀နှင့် ရှမ်းကြက်သွန်ဖြူအကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀မှ ၁၂၀၀၀ ကြား လက်ကားဈေးပေါက်ကြောင်း သိရသည်။

"ဒီနှစ်မှာ ကြက်သွန်က အထွက်ကောင်းပြီး အပျက်နည်းပါတယ်။ ကြက်သွန်ဈေးကောင်းရဖို့ မျှော်လင့်နေပါတယ်"ဟု ကြက်သွန်စိုက် တောင်သူတစ်ဦးက ပြောသည်။

(အောက်ပုံ)

(ခရိုင်ပြန်/ဆက်)



## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ




**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ် ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက် (၄၁၈)၊ အုတ်စက်ရွာလယ်မှော်ရုံရှေ့၊ ၆၂လမ်း၊ ၁၄လမ်းအရှေ့ဘက်၊ နဒီမြောင်းအနီးတွင် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

*-*-*-*-*

*-*-*-*-*-*

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဝိုင်းမော် ဇွန် ၆**

၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီခွဲက ဝိုင်းမော်မြို့နယ် မန်ဒေါင်ကျေးရွာအုပ်စု ခဝမ်ကျေးရွာ မူလတန်းလွန်ကျောင်းဝင်းအတွင်း ကျင်းပပြုလုပ်ရာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးငြိမ်းထွန်းနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ၊ အင်အား ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးမှူးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပျိုးပင် ၅၀၀ ပင်၊ ပျဉ်းကတိုးပျိုးပင် ၄၀၀ ပင်၊ ရေမနေ၊ စကားဝါနှင့် မဟော်ဂနီပျိုးပင် ၆၀၀ ပင်၊ မန်ကျည်း ၅၀ ပင် ပျိုးပင်စုစုပေါင်း ၁၅၅၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၄)

# မြစ်သားမြို့နယ်တွင် နွေစပါး GW11 စိုက်စနစ်စံပြကွက်အား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မြစ်သား ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ခန္တောကျေးရွာအုပ်စု ကွင်းအမှတ်(၅၃၁/ခ)၊ ဦးပိုင်အမှတ်(၁၇/၂)ရှိ တောင်သူ ဦးဌေးကြိုင်၏ နွေစပါး GW11 စိုက်စနစ်စံပြကွက် ၁၀ ဧကစိုက်ကွင်းအား တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးချစ်ဆွေဦးတို့သည် ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို တောင်သူလက်ဝယ်အရောက် အနီးကပ်ပညာပေးဆောင်ရွက်ရမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုခေတ်တွင် တိုးတက်နေသော IT နည်းပညာစနစ်ဖြင့် တောင်သူများအား ပညာပေးဆောင်ရွက်ရန်အတွက် နည်းလမ်းတစ်ခုရှိကြောင်း အထူးသဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့်သုံးစွဲရေးကို အထူးအလေးထား ပညာပေးဆောင်ရွက်ရန် လိုအပ်ကြောင်း မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား မှာကြားခဲ့သည်။

အဆိုပါ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက တိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်မှာကြားချက်များအပေါ် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွင်းတာဝန်ခံဝန်ထမ်းများနှင့် ဆက်စပ်ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းပြီး စိုက်ဧကပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံအထူးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

(အပေါ်ဝဲပုံ)

**သီတာအောင်(မြစ်သား)**

*-*-*-*-*



# သာစည်မြို့နယ်ဘဏ်ခွဲ၌ မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးငွေပေးအပ်ပွဲ ကျင်းပ

**သာစည် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ဇွန် ၄ ရက် နံနက် ၁၁ နာရီက ၂၀၂၄ မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးငွေပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

၂၀၂၄ မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေးငွေ ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးတင်မင်းထွန်းက မြို့နယ်အတွင်း ချေးငွေကြွေကျန်များ ပြေကြေစွာကောက်ခံရရှိရေးနှင့် ပြေကြေသည့် တောင်သူများအား ချေးငွေသစ်များ ပြန်လည်ထုတ်ချေးပေးခြင်းကိစ္စရပ်များနှင့် စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းများ၊ ငွေချေးတောင်သူများ သီးနှံအာမခံထားရှိနိုင်ရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ခရိုင်အာမခံလုပ်ငန်းတာဝန်ခံ ဦးဌေးလွင်က သီးနှံအာမခံအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများက အာမခံလုပ်ငန်းနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ခရိုင်တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ ထို့နောက် သမင်ဇာကုန်းကျေးရွာမှ တောင်သူ ၆၆ ဦးတို့အား စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်း၊ အခြားယာသီးနှံတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းတို့ဖြင့် စပါး ၁၆၃ ဧကနှင့် နှမ်း ၁၅၀ ဧကတို့အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၉၄၅၀၀၀၀ ကို ထုတ်ချေးခဲ့သည်။ သာစည်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်၌ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရန်လျာထား စပါးဧက ၁၈၃၅၆နှင့် အခြားသီးနှံ ဧက ၁၄၄၆၆ တို့အတွက် ချေးငွေကျပ်သိန်းပေါင်း ၄၂၀၀၀ လျာထားသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးဝင်းအောင်၊ မြို့နယ်ဘဏ်ခွဲဝန်ထမ်းများနှင့် သမင်ဇာကုန်း ကျေးရွာတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၇)

# သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**မန္တလေး ဇွန် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန်ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းအလယ်ပေါင်တံတားအနောက်ဘက်ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှတာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအရှေ့ဘက်ပတ်လမ်း ၂၉ လမ်းနှင့် လမ်း၃၀ကြား ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးချောင်းကို မြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားကြောင်း သိရသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦး၊ ဘက်ဟိုးစက်တစ်စီးနှင့် မော်ဆယ်စက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းဆောင်ရွက်ကြရာ တန် ၈၀ ခန့် ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြပြီး ဗေဒါဖြတ်စက်နှစ်စီးဖြင့် ခုတ်မောင်းဖြတ်တောက်ဆောင်ရွက်ရာတွင် နှစ်ဧကခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၂) ၃၃လမ်းနှင့် ၃၅လမ်းကြား လမ်းဘေး ဝဲ၊ ယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် အမှိုက်များ တံမြက်လှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

*-*-*-*-*





# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လေ့ကျင့်မည့်လက်ဝှေ့အားကစားသမားအား ထောက်ပံ့

**မန္တလေး ဇွန် ၆**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ အားကစားကွင်းတွင် ဒီဇင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး မန္တလေး၊ မဟာအောင်မြေမြို့နယ်မှ လက်ဝှေ့အားကစားသမား မောင်ကျော်စိုးမိုးအား ပဏာမရွေးချယ်ထားပြီး နေပြည်တော် လက်ဝှေ့အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌမှ ဇွန် ၄ ရက်က မဟာအောင်မြေ လက်ဝှေ့အားကစားရုံတွင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

(၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မန္တလေးတိုင်းဂုဏ်ဆောင် လက်ဝှေ့အားကစားသမားများ ဆုတံဆိပ်များရရှိ ဆုငွေထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကလေး ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းတွင် ဇွန် ၄ ရက် နံနက် ၈ နာရီခွဲက မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အဖွင့်အမှာစကားပြောကြားကာ ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ပိတောက်၊ တမာ စသည့် သစ်မျိုးပင် ၅ မျိုး အပင်အရေအတွက် အပင် ၅၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(၀၅၇)

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် မင်းဘူးမြို့ရှိ အဓိကလမ်းမကြီးအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မင်းဘူး ဇွန် ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းပိုင်းရှိ မင်းဘူးမြို့၏ အဓိကလမ်းမကြီးအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၄ ရက် နံနက်ပိုင်းက သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မင်းဘူးမြို့ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းလုပ်ဆောင်ရာ၌ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၁)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ဦးကြည်ပိုမှ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူ လမ်းပိုင်း၌ အများပြည်သူအသုံးပြုလျက်ရှိသော မင်းဘူးမြို့ရှိ အဓိကလမ်းမကြီးကို ပြည်သူများ သွားလာရေး လွယ်ကူချောမွေ့ အဆင်ပြေစေရန် ယခင်ကတ္တရာလမ်းပိုင်းအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းတိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌ လမ်းနယ်နိမိတ်နှင့် မလွတ်ကင်းသော လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးတိုင်များ၊ မြို့ရေပေးဝေရေး ရေပိုက်လိုင်းများကို အချိန်မီရွှေ့ပြောင်းပေးနိုင်ရေး၊ လမ်းအရည်အသွေး ကြံ့ခိုင်ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းပိုင်း၌ မင်းဘူးမြို့ ဇရိယာရှိ(အဓိကလမ်း)မှလကတ္တရာ လမ်းအရှည် ၁ မိုင် ၁ ဖာလုံအား ပေ ၃၀ အကျယ်မှ ၄၈ ပေ အကျယ်တိုးချဲ့၍ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၁)မှ ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်း ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုလျာထားငွေကျပ် ၁၈၄၂ ဒသမ ၂၁ သန်းဖြင့် လမ်းအရှည် ၄ ဖာလုံ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုလျာထားငွေကျပ် ၂၄၂၀ သန်းဖြင့် လမ်းအရှည် ၅ ဖာလုံတို့ကို ဆောင်ရွက်သွားမည့်အပြင် အုတ်စီရေနုတ်မြောင်းနှင့် Box Culvert သုံးစင်း တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၁)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကြည်ပိုထံမှ သိရသည်။ (ဝဲပုံ)

အဆိုပါ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်အနီးရှိ တုတ်ချောင်းတံတားမှ မြောက်လှည်းကောက် အဝိုင်းအပတ်အကျော်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့မှ သာသနာ့ဗိမာန်အထိ လမ်းအရှည်ပေ ၇၀၀ ကို ဦးစွာဆောင်ရွက်လျက်ရှိပြီး၊ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း (လမ်းအရှည် ၁ မိုင် ၁ ဖာလုံ)ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)



# ရသဘဏ် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**စဉ့်ကိုင် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်တန်းကျေးရွာရှိ ဘဒ္ဒန္တပညာဝံသ(ပုလဲဆရာတော်)တည်ထောင်လျက်ရှိသော ဘဝဆည်းဆာမေ့ရိပ်သာတွင် ရွှေစင်အကယ်ဒမီ ကိုဖိုးသံ လှူဒါန်းသော ရသဘဏ် စာကြည့်တိုက်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မန္တလေးမြို့ နန်းရှေ့၊ စာပေတင်းကုပ်မှ စာရေးဆရာများ၊ ပုသိမ်ကြီးမြို့နယ်စာရေးဆရာများ၊ အမရပူရမြို့နယ် စာရေးဆရာများနှင့် စဉ့်ကိုင်မြို့ခံစာရေးဆရာများ တက်ရောက်ကြသည်။

ဦးစွာဘဒ္ဒန္တပညာဝံသ (ပုလဲဆရာတော်)က အဖွင့်အမှာစကားမိန့်ကြားပြီး ဆရာတော် ကို၈(ချပ်သင်း)မှ မုဒိတာစကား မိန့်ကြားကာ စာရေးဆရာ အောင်တင်ဝင်း၊ (ငါ့သရောက်)နှင့် စာရေးဆရာမြင့်သိန်း(ပညာရေး)တို့က မုဒိတာစကားအသီးသီး ပြောကြားပြီး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ရွှေစင်အကယ်ဒမီ ကိုဖိုးသံက စာကြည့်တိုက် လှူဒါန်းရခြင်းနှင့် စာအုပ်လှူဒါန်းကြသူများကို ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ကဗျာဆရာများက ဂုဏ်ပြုကဗျာရွတ်ပြီး မြို့မစာကြည့်တိုက်မှ ဆရာဖိုးလှိုင်လေးမှ စာအုပ်များလှူဒါန်းပြီး တက်ရောက်လာသူများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

၀-၀-၀-၀-၀-၀-၀

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ရောင်စုံပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနား ပြုလုပ်



**ကန့်ဘလူ ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ခရိုင်အဆင့်ရောင်စုံပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၅ရက် နံနက် ၁၀ နာရီက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်၊ ပန်းချီဆရာကြီး ဦးစိုးမြင့်ဝေတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ၊ ရောင်စုံပန်းချီ ပြိုင်ပွဲရည်ရွယ်ချက်နှင့်ဆုရွေးချယ်မှုများနှင့်ပတ်သက်၍ အမှာစကားများ အသီးသီး ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်နှင့်တာဝန်ရှိသူများက ရောင်စုံပန်းချီပြိုင်ပွဲ၌ ဆုများရရှိသည့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့်နှစ်သိမ့်ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

(အပေါ်ဝဲပုံ)

(၀၅၇)

# မြစ်မ်းရောင်ကျေးရွာစီမံကိန်း(အတိုးရငွေ)များ အချိန်မီပြန်လည် ပေးဆပ်နိုင်ရေး အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံဆွေးနွေး

**ဇမ္ဗူသီရိ ဇွန် ၆**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားရေးအတွက် မြစ်မ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ရှားတောကျေးရွာ၌ အသင်းသား၊ အသင်းသူများအား (၆/၂၀၂၄)လတွင် စီမံကိန်း(အတိုးရငွေ)များ အချိန်မီပြန်လည်ပေးဆပ်နိုင်ရေးအတွက် ဇွန် ၅ ရက်၊ ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ(SMU)ခန်းမ၌ တာဝန်ရှိသူများအဖွဲ့က သွားရောက်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထိုသို့ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက မြစ်မ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းပါ မူဘောင်များနှင့်အညီ စနစ်တကျ လုပ်ကိုင်ကြရန်၊ စီမံကိန်းချေးငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ငွေစာရင်းဇယားများ စနစ်တကျ ပြုစုထိန်းသိမ်းဆောင်ရွက်ရန်နှင့် သတ်မှတ်လအလိုက် ပေးဆပ်ရမည့် ချေးငွေများကို အချိန်မီ ပြန်လည်ပေးဆပ်သွားကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် စီမံကိန်းဝင်အသင်းသား၊ အသင်းသူများက မိမိတို့ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစ်မ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ၏ အားသာချက် အားနည်းချက်များနှင့် ငွေစာရင်းဇယားများ ပြုစုထိန်းသိမ်းထားရှိမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရှားတောကျေးရွာ၌ မြစ်မ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး ၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများအပေါ် စီမံကိန်း အသင်းသား၊ အသင်းသူများအနေဖြင့် (၆/၂၀၂၄)လတွင် (၄)လစာအတွက် စီမံကိန်းအတိုးရငွေများကို အချိန်မီပြန်ဆပ်၍ ဘဏ်သို့ ပေးသွင်းကြရန် ဆွေးနွေးမှာကြားပြီး စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၄၄၅)



ဥတုရာသီ
တောကို မှီ၏။

# ညောင်ဦးမြို့နယ်တွင် စာကြည့်တိုက်အသစ် ဆောက်လုပ်မည့်မြေနေရာ ရွေးချယ်သတ်မှတ်ခြင်းနှင့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်ဦး ဇွန် ၆**

နိုင်ငံတော်အစိုးရက ပြည်သူများ စာပေလေ့လာဖတ်ရှုစေရေး၊ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များကို လက်လှမ်းမီစွာ ထားရှိပေးနိုင်ရန်အတွက် စာကြည့်တိုက်အသစ်များ ဖွင့်လှစ်ထားရှိနိုင်ရေး ရပ်ကွက်၊ ကျေးရွာအတွင်းရှိ စာကြည့်တိုက်များ အဆင့်မြှင့်တင်နိုင်ရေးတို့ကို အလေးထား စီစဉ်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အောက်ညဉ့်ကျေးရွာအုပ်စု၊ သူကောင်းတည်ကျေးရွာ စာကြည့်တိုက်အသစ် ဆောက်လုပ်မည့် မြေနေရာ ရွေးချယ်သတ်မှတ်ခြင်းနှင့် မြို့နယ်အတွင်းရှိ မြေပြင်၌ အမှန်တကယ် ရှင်သန်လျက်ရှိသော ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအား အဆင့်မြှင့်တင်နိုင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်နှင့် တာဝန်ရှိသူများက ဇွန် ၄ ရက် နံနက် ၁၀ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံ၍ မြေပြင်အခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်၍ နိုင်ငံတော်အစိုးရမှ စာကြည့်တိုက်ဖွင့်လှစ်နိုင်ရန် ကူညီထောက်ပံ့ပေးမည့် ရန်ပုံငွေနှင့် သူကောင်းတည်ကျေးရွာ ကျေးရွာစာကြည့်တိုက်အသစ်ဆောက်လုပ်နိုင်ရန် မြေနေရာတို့အား ကွင်းဆင်းတိုင်းတာကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက တက်သိမ်းရပ်ကွက်ရှိ စာကြည့်တိုက်နှင့် စာကြည့်တိုက်မှူးများ၊ ကော်မတီဝင်အဖွဲ့များနှင့် တွေ့ဆုံ၍ မြေပြင်၌ အမှန်တကယ်ရှင်သန်စေရန်အတွက် စာကြည့်တိုက်အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယခုလို တွေ့ဆုံရခြင်းဖြစ်ကြောင်း စာကြည့်တိုက်ဖွင့်ချိန်၊ ပိတ်ချိန် စနစ်တကျ ဆောင်ရွက်ရေး၊ စာအုပ်စင်၊ စာအုပ်ဗီရိုများ ပြည့်စုံရေး၊ စာအုပ်၊ စာစောင်များ ပိုမိုများပြားစွာရရှိရေး၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရေး စသည်တို့အား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ (၄၈၁)

# ပခုက္ကူ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ



**ပခုက္ကူ ဇွန် ၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပခုက္ကူမြို့၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပခုက္ကူမြို့၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက "ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရေးအတွက် ရက်ကန်းလုပ်ငန်းဆိုင်ရာ နည်းပညာများနှင့် အတတ်ပညာများ ပိုမိုထွန်းကားကျယ်ပြန့်စေရေး၊ ရက်ကန်းပညာရှင်များ တိုးပွားလာစေရေးတို့အတွက် နှစ်စဉ် ရက်ကန်းပညာနှင့် စက်ချုပ်ပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စက်ချုပ်နည်းပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး၊ မိသားစုဝင်ငွေတိုးပွားလာစေရေးတို့အတွက် မိမိလေ့လာသင်ယူထားသည့် အတတ်ပညာများကို စနစ်တကျ ပြန်လည်အသုံးချတတ်ကြရန် လိုအပ်ကြောင်း" ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့်တာဝန်ရှိသူများက စက်ချုပ်အတတ်ပညာရပ်ဖြင့် အမှန်တကယ်လုပ်ငန်းထူထောင်လုပ်ကိုင်မည့် သင်တန်းသား၊ သင်တန်းသူများအား အပ်ချုပ်စက်ပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များအား အသီးသီးပေးအပ်ချီးမြှင့်ကြရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းကာလအတွင်း ရက်လုပ်ထားသည့် တိုင်းရင်းသားရိုးရာအထည်များ၊ ချည်ထည်ပိုးထည်များ၊ စက်ရက်ကန်းနှင့် လက်ရက်ကန်းစင်တို့အား လိုက်လံကြည့်ရှုကြသည်။

အခြေခံစက်ချုပ်သင်တန်းကို ၂၀၂၄ ခုနှစ်၊ မေ ၆ ရက်မှ ဇွန် ၄ ရက်အထိ စက်ချုပ်အတတ်ပညာဘာသာရပ် (၁၂)ခုကို စာတွေ့လက်တွေ့စနစ်တကျ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၃၄၀)




ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့ ။




## ကျောင်းတက်ကြစို့

* တို့တစ်တွေ အနာဂတ်ကိုပ
ဂုဏ်ရည်မြတ် ကျောင်းပညာ ။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
ကောင်းကျိုးဆောင်ရာ ။

* လုံ့လထားလို့ သင်ကြားကာ
တတ်သိဖြာ မှတ်စုဆောင်း ။
ပညာသည် အစဉ်တောက်ပလို့
ဂုဏ်လှစေကြောင်း ။

* အတန်းပညာ သင်ယူပေါင်းကာပ
ခေါင်းဆောင်ကောင်း ဖြစ်ရန်လေ ။
ကျောင်းတော်တွင် အစဉ်ပျော်မွေ့
သင်လေ့စာတွေ ။

* ဘဝအတွက် ပညာအမွေ
မလွဲသွေ သင်ယူဖို့ ။
စိတ်တူညီ ကမ်းလက်ဆက်ကာ
ကျောင်းတက်ကြစို့ ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

# မော်တော်ယာဉ်များ အမည်ပြောင်းခြင်း ပြုလုပ်ပါက ယာဉ်စစ်ဆေးခြင်း ဆောင်ရွက်ရမည်

**မန္တလေး ဇွန် ၆**

ကိုဗစ်-၁၉ ရောဂါကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် နှစ်လဲ သက်တမ်းတိုးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာ ရုံးများတွင် လူစုလူဝေးအနည်းဆုံးဖြစ်စေရေးနှင့် လုပ်ငန်းများ မြန်ဆန်စွာပြီးစီးရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအနက် Road Safety ဖြစ်စေရေးအတွက် အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသယ်တင်ယာဉ်များသာ ယာဉ်စစ်ဆေး၍ အခြားမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်အထိ ယာဉ်စစ်ဆေးခြင်းမပြုဘဲ မှတ်တမ်းနှင့်သာ တိုက်ဆိုင်စစ်ဆေး၍ ယာဉ်စစ်ဆေး ကင်းလွတ်ခြင်း၊ သက်တမ်းတိုးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

ယာဉ်စစ်ဆေးရန် သတ်မှတ်ထားသည့် ပြောင်းလဲခြင်းများတွင် မော်တော်ယာဉ်များ အမည်ပြောင်းပါက သက်တမ်းရှိသည်ဖြစ်စေ၊ သက်တမ်းမရှိသည်ဖြစ်စေ ဇွန် ၄ ရက်မှစ၍ ယာဉ်စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် (မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်၊ ထရော်လာဂျီယာဉ်များ) ယာဉ်စစ်ဆေးခြင်း ကင်းလွတ်ထားကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။ (၀၄၅)

## သတင်းပဒေသာ

### ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးခြင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၈နာရီက တိုက်နယ်ကျန်းမာရေးဌာနတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စတင်ဖွင့်လှစ်ခဲ့သည့်နေ့တွင် လားရှိုးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ ၄င်းတို့၏ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ယမန်နေ့ နံနက်ပိုင်းက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် (Youth Club) အဖွဲ့ဝင်များပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ) ရေးသားသည့် "အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ" စာအုပ်ဖြင့် ယနေ့နံနက်ပိုင်းက စာဖတ်ဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) ဖွင့်လှစ်သင်ကြားလျက်ရှိ

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အားထားရသည့် အင်ဂျင်နီယာပညာရှင် လူငယ်မောင်မယ်များစွာ ပေါ်ထွန်းလာစေရေးနှင့် ပြောင်းလဲတိုးတက်နေသော နည်းပညာအရွေ့နှင့်အတူ လိုက်ပါနိုင်ရေး အလေးထားဆောင်ရွက်ရန် ရည်ရွယ်၍ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို ဇွန် ၃ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြား

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများအားလုံးက ယမန်နေ့က စတင်ဖွင့်လှစ်ရာ ကျောင်းသား၊ ကျောင်းသူများပျော်ရွှင်စွာ ပညာသင်ကြားနေကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မိခင်ကလေးကျန်းမာရေးဌာနတွင် ဇွန် ၂ ရက် နံနက် ၈နာရီက ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးစမှ (၂)နှစ်အောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိ

မကွေးတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမပညာသင်ကာလ သင်တန်းနှစ်အသီးသီးကို ယမန်နေ့တွင် ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မဟာမုနိဘုရားကြီးအားချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများနှင့် ဘက်စုံပြုပြင်ရန်ငွေများ လာရောက်လှူဒါန်း



**မန္တလေး ဇွန် ၆**

မန္တလေးမြို့ မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရေးနှင့် ချိတ်ဆွဲရန် ရတနာပစ္စည်းများ၊ ရွှေထည်များ လာရောက်လှူဒါန်းလျက်ရှိသည်။ ဇွန် ၄ရက် နံနက် ၉နာရီက မန္တလေးမြို့နေ ကိုညီညီ+မအေးမာ မိသားစု၊ ရန်ကုန်မြို့နေ ဦးထွန်းကြည်+ဒေါ်ဖြူဖြူလွင်(ပွင့်သစ်စ ရွှေဆိုင်) မိသားစုတို့က အလေးချိန် တစ်ကျပ်တစ်ပဲရှိ ရွှေထီး တစ်ခု၊ ရွှေညောင်ရွက်အသေး တစ်ခု၊ ပဒ္ဒါန်းဝိုင်းသေး တစ်ခု၊ ရွှေကလစ် တစ်ခု၊ လက်စွပ် တစ်ကွင်းတို့ကိုလည်းကောင်း၊ မန္တလေး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်နေ ဦးကဘာ+ဒေါ်မြခင် မိသားစုက ဘက်စုံပြုပြင်ရန်ငွေကျပ် ငါးသိန်းတို့ကို မဟာမုနိဘုရားမိုးကောင်းဓမ္မာရုံတွင် လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730206100449101 နှင့် UAB ဘဏ်ငွေစာရင်းအမှတ် 017130100012259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 70121000 00750 နှင့် ဖုန်း- ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅ ၉၉၉၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ကဆ)

## ပြည်လုံးချမ်းသာတိုင်းရင်းသား မိဘမဲ့ကလေးများကျောင်းသို့ ကျွေးမွေးလှူဒါန်း

**မန္တလေး ဇွန် ၆**



မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်း ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ ပြည်လုံးချမ်းသာ တိုင်းရင်းသားမိဘမဲ့ကလေးများစောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်ရှိ ကလေးငယ် ၂၀၀ကျော်တို့အား နေ့လယ်စာ အာဟာရထမင်းဟင်းများ ကျွေးမွေးလှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အလှူရှင် ကံသာယာမြို့သစ်နေ ဖခင်ကြီးဦးစန်းလှိုင်ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အားရည်စူး၍ (သမီး)မဝတ်ရည်နိုင်က မွေးနေ့မြတ်ဒါနအလှူအဖြစ် ကျောင်းတိုက်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မိဘမဲ့တိုင်းရင်းသားကလေးငယ်များအား နေ့လယ်စာ အာဟာရဒါန ထမင်းဟင်းများဖြင့် ကျွေးမွေးလှူဒါန်းရာ ကျောင်းတိုက် ဦးစီးပဓာနနာယက မဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တသုမင်္ဂလ (ဓမ္မာစရိယ၊ B.A)ဆရာတော်က လှူဒါန်းမှုအတွက် ရေစက်ချတရားဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ပြည်လုံးချမ်းသာ တိုင်းရင်းသားမိဘမဲ့ကလေးများစောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်သို့ ထာဝရငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ တစ်ရက်တာအာဟာရဒါန(နံနက်၊ နေ့လယ်၊ ညနေ) ကျွေးမွေးလှူဒါန်းလိုပါကလည်းကောင်း၊ အခြားဘက်စုံဖွံ့ဖြိုးရေးအလှူငွေများ လှူဒါန်းလိုပါကလည်းကောင်း ဦးစီးပဓာနနာယကဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈)နှင့် ဆက်သွယ်နိုင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

## အရိန္ဒမာစာကြည့်တိုက်ဖွင့်လှစ် စာအုပ်စင်နှင့် စာအုပ်များလှူဒါန်း



**မန္တလေး ဇွန် ၆**

တန့်ကြည့်တောင်ဆရာတော်ကြီး၏ဆန္ဒတော်အတိုင်း မင်းကွန်းရွှေစင်တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက(မြင်းခြံ)ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ စီမံအုပ်ချုပ်ဖွင့်လှစ်သော မန္တလေးတန့်ကြည့်တောင် ဘာသန္တရသင်တန်းကျောင်းအတွင်း ရန်ကုန်မြို့ အရိန္ဒမာမိသားစုက လှူဒါန်းသော အရိန္ဒမာစာကြည့်တိုက်ကို ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်၊ တန့်ကြည့်တောင်မဟာဘုံကျော်ပုဂံတိုက် ဘာသန္တရသင်တန်းကျောင်းတွင် ၂၀၂၃ခုနှစ် အောက်တိုဘာ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

အရိန္ဒမာစာကြည့်တိုက်အတွက် စေတနာအလှူရှင်များက ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ စာအုပ်စင်များကို လာရောက်လှူဒါန်းလျက်ရှိရာ ဇွန် ၄ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀ရှိ ဖုးကျင့်ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းမှ စာအုပ်စင် ၁၀စင်နှင့် သုတရသစာအုပ်မျိုးစုံ ၂၄၀၀ အုပ်ကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံး ဥသျှောင်ရပ်ကွက်နေ မြန်မာသံတော်ဆင့်ဂျာနယ်နှင့် ဓမ္မသံတော်ဆင့်စာပေတိုက်မှ ဦးကျော်စွာဝင်း မိသားစုက ဓမ္မသံတော်ဆင့်စာအုပ်ပေါင်းချုပ်နှင့် ဓမ္မသံတော်ဆင့်စာပေမှ ထုတ်ဝေခဲ့သော ဘာသာရေးဆိုင်ရာစာအုပ်များကို လာရောက်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံဆရာတော်က လက်ခံရယူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

## ဆင်းတုတော်များ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်နိုင်ရေးဆွေးနွေး

**ညောင်ဦး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အေဒီ (၁၂၁၁-၁၂၃၁)ဇေယျသိခ်ံ နားတောင်းများမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ထီးလိုမင်းလိုဘုရား အထက်ပစ္စယံရှိ ဆင်းတုတော် လေးဆူနှင့် အောက်ပစ္စယံရှိ ဆင်းတုတော် ငါးဆူတို့အား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ထီးလိုမင်းလိုဘုရားကြီး ရွှေသင်္ကန်းကပ်လှူနိုင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်းက ထီးလိုမင်းလိုဘုရားရှိ ဆင်းတုတော်များ ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်းဆောင်ရွက်ရာ၌ ရှေးမူမပျက်စေရေးနှင့် စနစ်တကျရှိစေရေး အကြံပြုပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်လာသည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေးကော်မတီဝင်များက ထီးလိုမင်းလိုဘုရားရှိ ဆင်းတုတော်ကိုးဆူ ရွှေသင်္ကန်းကပ်လှူရန်အတွက် ရွှေမိုက်တုတ်ယူရာတွင် အလေအလွင့်မရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

(၄၈၁)

# မင်းကွန်းဒေသသမိုင်းဝင် မြသိန်းတန်စေတီတော်



စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသရှိ သမိုင်းဝင်ရှေးဟောင်းမြသိန်းတန်စေတီတော်ကြီးသည် မြန်မာ့မြေမှ ကမ္ဘာထိအောင် ဂုဏ်ဆောင်စေတီတော်ကြီးဖြစ်သည်။ မြန်မာ့သမိုင်းပညာရှင်များ၏ မှတ်တမ်းတင်ချက်အရ စေတီတော်ကြီး၏ မူလအမည်တော်မှာ ပုဂံခေတ်အလောင်းစည်သူမင်းကြီး၏ကုသိုလ် "ရှင်ဖြူဘုရားရုပ်တုတော်" ကိုအစွဲပြု၍ "ရှင်ဖြူဘုရား"ဟု လည်းကောင်း၊ ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်တွင် မင်းကွန်းပုထိုးတော်ကြီးတည်ဆောက်နေစဉ် မြေးတော်စစ်ကိုင်းမင်းသားက ပျက်စီးနေသော ရှင်ဖြူတန်ဆောင်းကို ပြုပြင်လှူဒါန်းလိုကြောင်း ခွင့်တောင်းသည့်အခါ ခွင့်ပြုချက်ရရှိသဖြင့် စစ်ကိုင်းမင်းသား၏ ကြင်ယာတော်ဘိုးတော်မင်းတြားကြီး၏ မြေးတော် "ဆင်ဖြူရှင်" မင်းသမီးဘုရားတည်စဉ် နတ်ရွာစံကံကုန်သဖြင့် အလွမ်းပြေအမှတ်တရအနေဖြင့် "ဆင်ဖြူမယ်ဘုရား" ဟု လည်းကောင်း၊ ဌာပနာသွင်းမင်္ဂလာပြုကြရာတွင် အိမ်ရှေ့စံမင်းသမီး ဆင်ဖြူမယ်ဝတ်ဆင်သော တစ်သိန်းတန်မြရတနာကို ဌာပနာပြုခြင်းကိုအစွဲပြု၍ "မြသိန်းတန်ဘုရား" ဟုလည်းကောင်း အမည်သုံးမျိုးဖြင့် တန်ခိုးကြီးထူးခြားလှသည်။

ယနေ့ခေတ်အမည်အားဖြင့်ထင်ရှားသော "မြသိန်းတန်ဘုရား" ကို ဒုတိယဘုရားဒါယကာ မြေးတော်စစ်ကိုင်းမင်းသားသည် ၁၁၆၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် ကြာသပတေးနေ့တွင်စတင်၍ အုတ်မြစ်တော်ချတည်ဆောက်ခဲ့သည်။ မြသိန်းတန်ဘုရားတည်ဆောက်ပုံမှာ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်ကို ရည်မှန်း၍ လှူဒါန်းတည်ဆောက်ခြင်းဖြစ်သည်။ အစဉ်အလာရှိသော ရှေးမြန်မာဘုရင်တို့၏ ဆန်းသစ်သော တွေးခေါ်မှု၊ စီမံဆောင်ရွက်မှုများမှာ သမိုင်းတင်လိုသောသူများအတွက် အတုယူအားကျဖွယ် ဖြစ်သည်။

စေတီတော်ကြီး၏ အောက်ခြေမှ တရွေ့ရွေ့မြင့်တက်လာသော ရေလှိုင်းတွန့်သဏ္ဌာန်ပစ္စယာ ခုနစ်ဆင့်မှာ သီတာခုနစ်တန်၊ တောင်ယံခုနစ်လုံးကို ရည်ရွယ်ထားသည်။ သတ္တမပစ္စယာမှာ ယုဂန္ဓိုရ်တောင်ထိပ်ကို ရည်ရွယ်၍ အလယ်ဗဟိုအမြင့်အုတ်ခုံမှာ အာလိန်ငါးဆင့်ပတ်လျက် မြင့်မိုရ်တောင်ကို ရည်ရွယ်ထားသည်။ ၄င်းအာလိန်ငါးဆင့်တွင် ပထမအာလိန်မှာ နဂါးများ၊ဒုတိယအာလိန်မှာ ဂဠုန်များ၊တတိယအာလိန်မှာ ဂုမ္ဘာဏ်များ၊ စတုတ္ထအာလိန်မှာ ယက္ခများ၊ ပဉ္စမအာလိန်တွင် ဂန္ဓဗ္ဗများစောင့်ကြပ်ပြီး အာလိန်ငါးဆင့်မှ အထက်သိကြားမင်းစံရာ တာဝတိံသာနတ်ပြည် မြင့်မိုရ်တောင်ထိပ်ဖြစ်သည်။

အထက်ဥမင်လိုဏ်ဂူတော်အတွင်းဝယ် ပထမဘုရားဒါယကာအလောင်းစည်သူမင်း လှူဒါန်းပူဇော်ထားသော ရှင်ဖြူရုပ်ပွားတော် စံပွာယ်တော်မူသည်။ စေတီတော်ပတ်ပတ်လည်မှ ပြာသာဒ်များမှာ သုံးကျိပ်သုံးဦးသော နတ်မှူးများ၏ ဗိမာန်များကို ရည်ရွယ်ထားသည်။ စောင်းတန်းသုံးသွယ်မှာ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ အဘိဓမ္မာတရားဟောပြီး လူ့ပြည်သင်္ကဿနဂိုရ်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းတော်မူပုံကို ရည်ရွယ်ဆောက်လုပ်ထားသည်။

မူလဘုရားဒါယကာအလောင်းစည်သူမင်းနှင့် ဘုရားသမိုင်းကြောင်းကို တိတိကျကျဖော်ပြထားခြင်းမရှိသော်လည်း၊ ဒုတိယဘုရားဒါယကာ မြေးတော်စစ်ကိုင်းမင်းသားသည် ၁၁၆၃ ခုနှစ် သက်တော် ၁၂ နှစ်အရွယ်တွင် ဘုရားဒါယကာအဖြစ် ခံယူခဲ့သည်။၁၁၆၄ ခုနှစ်၊ တပို့တွဲလတွင် ဆင်ဖြူမယ်မင်းသမီးနှင့် လက်ထပ်ခဲ့သည်။ ၁၁၆၆ ခု၊ ဝါဆိုလဆန်း ၂ ရက် သောကြာနေ့တွင် ဌာပနာပိတ်ပွဲကျင်းပသည်။ ဌာပနာတိုက်ပေါင်း ၁၆ တိုက်ရှိသည်။ ၁၁၆၉ ခုနှစ်တွင် ဘုရားပြီးစီး၍ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် သောကြာနေ့တွင် ဘုရားအနေကဇာတင်၍ ရေစက်သွန်းချပွဲကျင်းပခဲ့ သည်။

"ရှင်ဖြူဘုရား"၊ "ဆင်ဖြူမယ်ဘုရား" "မြသိန်းတန်ဘုရား" ဟု အမည်တော် သုံးမျိုးရစေတီတော် တည်ဆောက်ထားပုံမှာ ဖိနပ်အချင်း ၂၁၄ တောင်၊ ဉာဏ်တော်အမြင့် ၃၂၁ ပေရှိသည်။ သီတာခုနစ်တန်၊ တောင်ယံခုနစ်ထပ်၊ အာလိန်ငါးဆင့်၊ စောင်းတန်းသုံးသွယ်တို့ဖြင့် မြင့်မိုရ်တောင်နှင့်စကြဝဠာတည်ရှိပုံကို ရည်ရွယ်တည်ဆောက်ထားသည်မှာ ကမ္ဘာ့အံ့ဖွယ်ရာပင် ဖြစ်သည်။

မြသိန်းတန်စေတီတော်ကြီးမှာ ၁၂၀၀ ပြည့်နှစ်၊ ခရစ်နှစ် ၁၈၃၈ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် စေတီတော်အစိတ်အပိုင်းအချို့ ပျက်စီးယိုယွင်းခဲ့သဖြင့် ရတနာပုံခေတ်မင်းတုန်းမင်းတရားကြီးမှ ထပ်မံပြုပြင်လှူဒါန်းခဲ့သည်။

ယခုအခါ မြသိန်းတန်စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများဦးဆောင်၍ မင်းကွန်းဒေသလေးဌာနဂေါပကအဖွဲ့များက ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော ထီးတော်အသစ်တင်လှူခြင်း၊စေတီတော်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးသစ်ပင်များ စိုက်ပျိုးခြင်း၊ ဘုရားဖူးယာဉ်များ ရပ်နားရန် စေတီပတ်လည်ကွန်ကရစ်ခင်းခြင်း၊ ကြွေပြားခင်းခြင်း၊ စေတီတော်ကြီးအား ထုံးသင်္ကန်းကပ်လှူခြင်းများ ဆောင်ရွက်လျက်ရှိရာ မင်းကွန်းဒေသ လေးဌာနဂေါပကအဖွဲ့ဖုန်း ၀၉-၄၅၀၀၆၉၁၀၀၊ ၀၉-၄၀၂၆၅၀၀၁၃နှင့် ဖုန်း၀၉-၇၈၆၁၇၈၅၉၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း စေတနာရှင်များအား ဖိတ်ခေါ်ရေးသားလိုက်ရသည်။

**မောင်ပြည်သူ(မန္တလေး)**

# (၁၅၅)နှစ်ပြည့် မန္တလေးမြို့မှ ဒိုင်အိုစီဇင် သံတဲအထက်တန်းကျောင်း

မန္တလေးမြို့တည် နန်းတည် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် ၁၂၂၀ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်တွင် မန္တလေးရွှေမြို့တော်ကြီးကို သတ္တဌာန ခုနစ်နေရာဖြစ်သော မြို့ရိုးတော်၊ ကျုံးတော်၊ ပိဋကတိုက်တော် လောကမာရဇိန်ကုသိုလ်တော် ဘုရားကြီး၊ သိမ်တော်၊ အတုမရှိကျောင်းတော်ကြီးနှင့် သုဓမ္မာဇရပ်တော်တို့ကို တစ်ပြိုင်တည်း ပန္နက်ရိုက်ပြီး ရွှေမြို့တော်ကြီးကို တည်ခဲ့သည်။ နောင် ၁၀ နှစ်ကြာသောအခါ မန္တလေးမြို့ ဒိုင်အိုစီဇင်တော်ဝင်သံတဲကျောင်းတော်ကြီးကို ၁၂၃၁ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက် ၁၈၆၅ ခုနှစ် ဇွန် ၇ ရက်တွင် ကျောင်းတော်ကြီးဖွင့်ပြီး စာပေသင်ကြားနိုင်ရေးအတွက် ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကျောင်းတော်ကြီးသည် ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် (၁၅၅) နှစ်ပြည့်မြောက်ခဲ့သည်။ လွန်ခဲ့သော ၅ နှစ်ခန့်က ကျောင်းတော်ကြီး၏ နှစ် ၁၅၀ ပြည့်ကျင်းပခဲ့သော အတိတ်သမိုင်းသည် ၅ နှစ်ခန့်ကဆိုသော်လည်း တစ်နေ့မနေ့ကလို ကျင်းပသွားသည့်အတိုင်း တော်ဝင်ကျောင်းသူဟောင်း ကျွန်မအနေဖြင့် လွမ်းမောဖွယ်ရာ ခံစားရင်း ရင်နှင့်အမျှ ကြည်နူးနေပါတော့သည်။ ကျောင်းတော်ကြီး၏ နှစ် ၁၅၀ ပြည့် အခမ်းအနားကြီး ကျင်းပခဲ့ကြရာတွင် တော်ဝင်ကျောင်းသားဟောင်း ဦးဌေးကြွယ်နှင့် အမှတ်(၁၀)အထကမှ ကျောင်း သားဟောင်း ဦးထွန်းဝေတို့ ဦးဆောင်ပြီး ကော်မတီဖွဲ့စည်းခဲ့ကာ ကျင်းပခဲ့ကြသည်။ အခမ်းအနား မကျင်းပခင် ရန်ပုံငွေရရှိရေးအတွက် ကော်မတီဝင်များမှ ကျောင်းသား၊ ကျောင်းသူဟောင်းများထံမှ အလှူငွေများ လိုက်လံကောက်ခံခြင်း၊ ကျောင်းသားဟောင်းများနှင့် ရင်းနှီးသော မိတ်ဆွေမိသားစုများထံမှ အလှူငွေရရှိရေးအတွက် ကော်မတီဝင်များနှင့်အတူ မန္တလေးမြို့ဂုဏ်ဆောင် မန္တလေးမြို့မတေးဂီတအဖွဲ့နှင့်အတူ ဧည့်ခံဖျော်ဖြေကာ အလှူငွေများ ကောက်ခံခဲ့ကြသည်။ နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ဖြစ်မြောက်ရေးကော်မတီမှ မဂ္ဂဇင်းထုတ်ဝေနိုင်တာကိုလည်း ဂုဏ်ယူစွာနှင့် ဖော်ပြပါရစေ။

၇-၅-၂၀၁၉ ရက်တွင် နှစ် ၁၅၀ ပြည့် အခမ်းအနားကြီးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ မန္တလေးမြို့တော်ဝန်၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်မှ နှစ် ၁၅၀ ပြည့်ကမ္ဗည်းမော်ကွန်းကျောက်စာကို ဖွင့်လှစ်ပေးခဲ့သည်။ အထိမ်းအမှတ်ဖြစ် စိန်ပန်းပင်၊ တည်ပင်၊ ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးခဲ့ကြသည်။ ၄င်းနောက် နှစ် ၁၅၀ ပြည့် အခမ်းအနားကို ကျောင်းတော်ကြီးအတွင်းရှိ မြနန္ဒာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားကြီးတွင် မန္တလေးမြို့အတွင်း လှည့်လည်ပြီး ရတနာပုံဝင်းခင်းကာ ပန်းပွားအဖွဲ့၊ ဘင်ခရာအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မန္တလေးမြို့မှ မြို့မတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေဧည့်ခံခဲ့ကြသည်။

ကျောင်းတော်ကြီးမှ နိုင်ငံတော်အတွက် မွေးထုတ်ပေးလိုက်သည့် လူစွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတာဝန်များဖြစ်သည့် စစ်ဘက်နှင့် နယ်ဘက်တို့တွင် တာဝန်အသီးသီးထမ်းဆောင်ခဲ့ကြသော တော်ဝင်ကျောင်းတော်သူ၊ ကျောင်းတော်သားများကိုလည်း ဂုဏ်ယူစွာဖြင့် တင်ပြပါမည်။ ပြည်ထောင်စု အဆင့်ဝန်ကြီး၊ ဒုဝန်ကြီးနှင့် ဌာနဆိုင်ရာအသီးသီးတွင် ညွှန်ချုပ်၊ ညွှန်မှူးများကိုလည်း မွေးထုတ်ပေးခဲ့သည်။ အထူးကုသမားတော်ကြီးများ ခွဲစိတ်ဆရာဝန်ကြီးများနှင့် သာသနာတော်အတွက် စွမ်းစွမ်းတမံလှူဒါန်းခဲ့ကြသော သီရိသုဓမ္မသိင်္ဂီ သာသနမိခင်များကိုလည်း မွေးထုတ်ပေးခဲ့သည်။ စာပေနယ်ပယ်တွင်လည်း အမျိုးသားစာပေဆုရှင်နှင့် တစ်သက်တာ စာပေထူးချွန်ဆုရပုဂ္ဂိုလ်များကိုလည်း မွေးထုတ်ပေးခဲ့သည်။

နှစ် ၁၅၅ ပြည့်သည့် အချိန်အခါတွင်လည်း ဒိုင်အိုစီဇင်သံတဲကျောင်း(အထက-၁၀) မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများက ကျောင်းတော်ကြီးဂုဏ်ကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄(ခ)အရ ဒိုင်အိုစီဇင်သံတဲအထက်တန်းကျောင်း (အထက-၁၀)ကို ၂၀၂၂ ခုနှစ် ဧပြီ ၈ ရက်တွင် ရှေးဟောင်းအမွေအနှစ်အဖြစ်သတ်မှတ်ပြီး ဒီဇင်ဘာ ၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီး ကမ္ဗည်းမော်ကွန်း ကြေးပြားတပ်ဆင်၍ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ရေးသားလိုက်ရပါသည်။



**ခင်သီရိသက်(ဒိုင်အို)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)နှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်ပေါ်တွင် မန္တလေးဂါးဒင်းစီးတီးကုမ္ပဏီမှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၉)၊ အလွှာ(၅)၊ အခန်းအမှတ်(၅၀၆)၊ (၉၂၅)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသူ ဒေါ်စုနှင်းလှိုင်(ဘ)ဦးကျော်ခင်(၅/ခတန(နိုင်)၀၁၇၅၁၁)ထံမှ ဦးအောင်ကျော်စိန်(ဘ)ဦးမြငြိမ်း(၈/နမန(နိုင်)၀၀၈၁၁၂)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇**
**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## ဦးခင်မောင်သိန်း(၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဝယ်ယူထားသူများဖြစ်ကြသော ဦးကြည်မင်း၊ ဒေါ်သန်းသန်းဦး)တို့နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၃)၊ ဦးပိုင်အမှတ်(၈)၏ အလယ်ပိုင်းခဲစင်းပြဧရိယာ(၀ ဒသမ ၀၀၉၇)ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးခင်မောင်သိန်း၊ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဝယ်ယူထားသူများဖြစ်ကြသော ဦးကြည်မင်းနှင့် ဒေါ်သန်းသန်းဦးထံမှ ကျွန်မ ဒေါ်မို့မို့သန့်ဇင်ဦး(၉/ခအဇ(နိုင်)၀၃၉၁၂၃)က (၅-၅-၂၀၁၅)ရက်တွင် မြေကွက်အရောင်းကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ ဖော်ပြပါဘိုးဘပိုင်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ကို ဦးခင်မောင်သိန်း၊ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဝယ်ယူထားသူများဖြစ်ကြသော ဦးကြည်မင်းနှင့် ဒေါ်သန်းသန်းဦးတို့က ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးခင်မောင်သိန်း၊ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဝယ်ယူထားသူများဖြစ်ကြသော ဦးကြည်မင်း၊ ဒေါ်သန်းသန်းဦးတို့နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ–**
**ဒေါ်မို့မို့သန့်ဇင်ဦး(၉ /ခအဇ(နိုင်)၀၃၉၁၂၃)**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မြေတိုင်းရပ်ကွက်(တိုးချဲ့မြို့ကွက်သစ်)၊ မြေကွက်အမှတ်(မ-၄၆)၊ ဦးပိုင်အမှတ်(၆၃၊ ၆၄)၊ မြေဧရိယာ(၄၈၀၀)စတုရန်းပေးရှိသော မြေကွက်များသည် ကြည်း-၁၃၁၅၀ ဗိုလ်မှူးကြီး ဌေးအောင် အမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ လွှဲအပ်သူဖြစ်သည့် ဗိုလ်မှူးကြီး ဌေးအောင်မှ မန္တလေးမြို့၊ အမှတ်(၃၆)၊ ၈၁လမ်းနှင့်၈၂လမ်းကြားနေ ဦးမြင့်သောင်း(၉/မရတ(နိုင်)၀၄၃၀၄၉)ကိုင်ဆောင်သူသို့ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၁၂-၁၂-၂၀၀၂)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-(၈၃၉၅/၂၀၀၂)ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကိစ္စများ ဆောင်ရွက်ရန်အတွက် ကိုယ်စားလှယ်လွှဲအပ်ထားပါသည်။

အဆိုပါ မြေကွက်များနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးဌေးအောင်(ငြိမ်း)မှ ဦးမြင့်သောင်းသို့ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက်ထားရှိရန် မလိုအပ်တော့သဖြင့် ပြန်လည်ပယ်ဖျက်မည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးတင်ဇော်လင်း (LL.B)** | **ဒေါ်ဆုမွန်သန်း (LL.B)** | **ဒေါ်သရဖီဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၀၇၈/ ၂၉-၇-၂၀၁၄)** | **(စဉ်-၁၄၈၄၃/ ၃၀-၇-၂၀၁၈)** | **(စဉ်-၁၈၅၆၀/ ၃၁-၁၀-၂၀၂၃)** |
| **အကွက်(၁၂၀)၊ ၈၇လမ်းနှင့်၈၈လမ်းကြား၊ လမ်း၂၀နှင့် ၂၁လမ်းကြား၊ မီးသွေးတန်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။** | **၃၆(A)လမ်း၊ ၆၉လမ်းနှင့်လမ်း ၇၀ကြား၊ မဟာစဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။** | **လမ်း၆၀(D)၊ ၁၁၅လမ်းနှင့်၁၁၆လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။** |
| **ဖုန်း ၀၉-၂၅၆၀၃၅၄၁၅** | **ဖုန်း ၀၉-၄၀၂၅၃၆၅၅၃** | **ဖုန်း ၀၉-၉၆၅၅၁၄၆၃၉** |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ် (၁၄-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်မိုးဝါ(ဘ)ဦးစိန်ဝင်း (၉/မသန(နိုင်)၀၀၀၄၀၆)အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲနောင်လတ်(ဘ)ဦးခင်မောင်လတ်(၉/မဟမ(နိုင်)၀၄၀၆၀၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့်၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်နံပါတ်(၄၀-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၅)ဧက အကျယ်အဝန်းရှိ ဦးအုန်းခိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်အုန်းမြင့်(ဘ)ဦးလူမောင်(၉/မရတ(နိုင်)၀၉၈၁၉၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပသါည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်ဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ** **ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ** **ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(cc-၅)၊ ဦးပိုင်နံပါတ်(၁၀၆-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးဗိုလ်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းရွှေ(ခ)ဦးဂျူးချောင်(ဘ) ဦးလုရှင်(ခ)ဦးအယ်(လ)ဝမ်ရှင်(၉/အမရ(နိုင်)၀၄၅၄၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်ဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ** **ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ** **ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(c-၅)၊ ဦးပိုင်နံပါတ်(၈၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်လောက်ဟွာ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချောက်ရီ(ဘ)ဦးလောကျန်းနော်(၁၃/ကခန(နိုင်)၀၃၄၇၉၉)(၎င်း၏ကိုယ်စားမြေးဖြစ်သူ ဦးအောင်ကျော်ဦး(ဘ)ဦးရန်ယုံကျင်း(၁၃/တမည(နိုင်)၀၀၆၉၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်ဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ** **ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ** **ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၉)၊ ဦးပိုင်အမှတ်(၈၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ တသ ဇော်ဝင်း အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မိမိတို့က အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမာဖေကြည်(အဘ)ဦးမာမြင့်အန်း(၁၃/ကခန(နိုင်)၀၆၈၈၉၃)က ခရီးလွန်နေသဖြင့်လည်းကောင်း၊ ဦးမာဖေကြည် အမည်ဖြင့် စာချုပ်ချုပ်ဆိုထားသော်လည်း ညီမအရင်းဖြစ်သူ ဒေါ်မာရင်ချင်(ဘ)ဦးမာမြင့်အန်း(၁၃/တမည(နိုင်)၀၀၂၃၇၈)က အမှန်တကယ်ဝယ်ယူထားသော ပိုင်ရှင်ဖြစ်ပါကြောင်း ဝန်ခံကတိပြုသူပါသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင် တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ–၇/ ၈၅–က)၊ လမ်း၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကျွန်းကလေးရွာတွင် နေထိုင်သော မောင်ဝင်းဇော်ဟိန်း၏ ဖခင် ဦးဖိုးမြင့်နှင့် ဦးမြင့်ဆွေ(၈/ရစက(နိုင်)၁၆၀၂၁၃)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးမြင့်(ခ)ဦးမြင့်ဆွေ**

## ပျောက်ဆုံးကြောင်း

မောင်အောင်ကောင်းသီဟ(ဘ)ဦးကျော်နိုင်မိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၆၈၆၀၂)ကိုင်ဆောင်သူ၏ Passport No:MA 204125 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မောင်အောင်ကောင်းသီဟ ဖုန်း ၀၉-၂၀၀၅၄၆၇**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား)ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇွန် ၆**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက်(အမျိုးသား) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဖူဆယ်ဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင် ၁၁ ခုမှ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်ဇူလိုင်လတွင် နေပြည်တော်၌ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိစေရန်၊ ဖူဆယ်အားကစား

စာမျက်နှာ ၅ သို့ ❑







# မိုးရာသီကာလတွင် မန္တလေးမြို့တွင်း ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် ရေတွန်းစက်ရုံ ၉ ခုဖြင့် ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ထား

**မန္တလေး ဇွန် ၆**

မိုးရာသီကာလတွင် မန္တလေးမြို့တွင်း၌ ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနအနေဖြင့် ရေတွန်းစက်ရုံ ၉ ခုမှ မိုးရေများ ဧရာဝတီမြစ်အတွင်းသို့ စွန့်ထုတ်နိုင်ရန် Water Level ထိန်းညှိခြင်းများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးရာသီကာလတွင် မန္တလေးမြို့ ရေကြီးရေလျှံမဖြစ်စေရေးအတွက် မိုးရေများအမိက ထိန်းသိမ်းပေးသည့် သင်္ဂဇာချောင်း၊ ရွှေတချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန်တို့တွင် ရေစီးရေလာကောင်းမွန်ရေးနှင့် Water Level ထိန်းညှိခြင်းများ ပြုလုပ်ခြင်းဖြစ်သည်ဟု ယင်းဌာန တာဝန်ရှိသူက ပြောသည်။

"ဌာနအနေနဲ့ မြို့တော်သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးမှာ ကျရာကဏ္ဍက စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြို့တွင်းလမ်းမကြီးတွေ လူနေရပ်ကွက်တွေထဲကနေ မိုးရာသီကာလမှာ ရေကြီးရေလျှံမဖြစ်စေရေးအတွက်လည်း စီးဆင်းလာတဲ့ ရေတွေကို ရေတွန်းစက်ရုံ ၉ ခုကနေ စွန့်ထုတ်နိုင်ဖို့ မိုးကြိုကာလကတည်းက ကြိုတင် စီစဉ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ စက်ရုံ ၉ ခုမှာ ရွှေတချောင်း၊ ကပ်ကျော်ဘုရားအနီးမှ စက်ရုံအမှတ်(၁)၊ ရွှေခဲနံကပ်အင်းထိပ်မှ စက်ရုံအမှတ်(၂)၊ ကန်တော်ကြီး၊ သံဃာ့ဆေးရုံအနီးမှစက်ရုံအမှတ်(၃)၊ ဓောင်းကလောစက်ရုံအမှတ်(၄)၊ ၂၆ လမ်း သင်္ဂဇာချောင်းမှ စက်ရုံအမှတ်(၅)၊ နဂါးနီစက်ရုံအမှတ်(၆)၊ ဓောင်းကလောစက်ရုံအမှတ်(၇)၊ ၆၄ လမ်းမှ Detention Pond စက်ရုံအမှတ်(၉)၊ ရွှေခဲရွာအနီးမှ New Pumping Station တို့ဖြစ်ပြီး ၎င်း စက်ရုံ ၉ ခုမှ တစ်ရက်လျှင် ရေဂါလန်ပေါင်း ၂၁၇ ဒသမ ၉၂ သန်းစွန့်ထုတ်နိုင်ကြောင်း သိရသည်။

"စက်ရုံတွေက Water Level ကို ဝန်ထမ်းတွေက နေ့စဉ်စောင့်ကြည့်တယ်။ မိုးရွာရင် ရပ်ကွက်တွေ လမ်းတွေထဲကနေ မြောင်းထဲရောက်တယ်။ မြောင်းထဲကနေချောင်းထဲရောက်၊ ချောင်းထဲကနေ ချောင်းမကြီး

စာမျက်နှာ ၆ သို့ ❍

# ပိုကုန်ပဲများ အပါအဝင် ပဲနှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးဖြင့် တည်ငြိမ်နေ

ပြည်တွင်းပဲကုန်သည်များ၏ စောင့်ကြည့်ဝယ်ယူနေတာကြောင့် ပို့ကုန်ပဲများအပါအဝင် ပဲ၊နှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးအတိုင်း တည်ငြိမ်နေကြောင်း ပဲကုန်သည်များထံကသိရသည်။

ဇွန် ပထမ သီတင်းပတ်တွင် ပြည်တွင်း ရွှေဈေး၊ငွေလဲလှယ်နှုန်း များကို စောင့်ကြည့်နေသည့် အခြေအနေကြောင့် ပြည်တွင်း ပဲ၊နှမ်းဈေးမှာ အပြောင်းအလဲမရှိ အမြင့်ဈေးတန်းဖြင့်တည်ငြိမ်နေ ခြင်းဖြစ်သည်။

ပြည်တွင်းပဲ၊နှမ်းဈေးကွက်မှာ ပို့ကုန်ပဲများ အမြင့်ဈေးအတိုင်းရှိနေသလို ပြည်တွင်းသုံး ကုလားပဲအုပ်စု ၊ ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ထူးထူးခြားခြား ဈေးနှုန်း အပြောင်းအလဲ မရှိ တည်ငြိမ်နေသော်လည်းအရောင်းသမား ၊အဝယ်သမား နှစ်ဖက်စောင့် ကြည့် နေတာကြောင့် အရောင်းအဝယ် ခပ်အေးအေးဖြစ်ကြောင်း၊ ဆီထွက်သီး နှံများဖြစ်သည့် နှမ်းမျိုးစုံနှင့်မြေပဲဆန်မှာ ဈေးကျဆင်း နိုင်ခြင်းမရှိဘဲ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ နဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်း ပဲဈေးကွက်မှာ ဝယ်လိုအားရောင်းလိုအားကို စောင့်ကြည့်နေတဲ့ အခြေအနေဆိုတော့ ပဲ၊နှမ်းဈေးကွက်မှာ ဈေးတည်ငြိမ်နေတယ်။ အရောင်းအဝယ်ကတော့ခပ်အေး အေးဖြစ်နေပါတယ်။ ပဲမျိုးဈေးကွက်မှာ ထူးထူးခြားခြားဈေးနှုန်းအပြောင်းအလဲမရှိဈေးတည်ငြိမ်နေပါတယ်။ပြည်တွင်းသုံး ကုလားပဲဈေးတွေလည်း ဈေးငြိမ်နေပေ

စာမျက်နှာ ၆ သို့ ■

